# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 30 November 2025 ၁၂၀၁၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

**ချစ်ခြင်းတရား နှောင်ကြိုးမှသည် ခိုင်မာအားကောင်းမှု အရပ်ရပ်ဆီ**

ဆောင်းပါး

စာမျက်နှာ » ၆

---

**(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်းအားကစားသမားများ၏ နောက်ဆုံးအကြိမ် လက်ရည်စမ်းပြိုင်ပွဲ ကျင်းပ**

စာမျက်နှာ » ၉

---

**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်**

စာမျက်နှာ » ၁၂




## လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန် သီလဝါဆိပ်ကမ်း၌ သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘောဆိုက်ကပ်ထား

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်နေသော ကျောက်တန်းမြို့နယ်ရှိ သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော(Floating Storage Unit-FSU)၊ သဘာဝဓာတ်ငွေ့ရည်ကို ဓာတ်ငွေ့ပြန်လည်ပြုလုပ်သောစက်ရုံ (Regasification Unit)နှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ သာကေတမြို့နယ်ရှိ သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားစမ်းသပ်မောင်းနှင်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့



## ပေါ်ဆန်းစပါးကို ညအချိန် အလင်းရောင်ပေးခြင်း နည်းပညာဖြင့် စိုက်ပျိုးနိုင်ရန် စမ်းသပ်သုတေသနပြု

နေပြည်တော် နိုဝင်ဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ၊ စပါးသုတေသနဗဟိုဌာန စိုက်ကွင်း၌ ရာသီပေါ်ဆန်းစပါးပျိုးခင်း အသက်ခုနစ်ရက်သားမှ ၂၅ ရက်သားအတွင်း ညအချိန် အလင်းရောင်ပေးခြင်း(Night-Break) နည်းပညာဖြင့် နောက်ကျစိုက်ပျိုးနိုင်ရန် စမ်းသပ်သုတေသနပြုဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ နည်းပညာအရ ည ၁၁ နာရီခွဲမှ ၁၂ နာရီခွဲအထိ LED -100 watt အား အသုံးပြု၍ ညအချိန် အလင်းရောင်ပေးခြင်းသည် ပေါ်ဆန်းစပါးကို ရာသီချိန်ကျော်၍ စိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းတိုးခြင်းနှင့် အရည်အသွေးကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများကို မျှော်မှန်းကာ ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ

# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

နိုင်ငံတော်အစိုးရသည် PDF အမည်ခံအဖွဲ့အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ဖြင့် လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိသည်။ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုဝင်ဘာလ ၂၈ ရက်နေ့က နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၈၃ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

PDF အမည်ခံအဖွဲ့ဝင်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်၌ အကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်တွင် ပါဝင်ခဲ့ကြသည်။ PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးအားအကျပ်ကိုင်၍ အတင်းအဓမ္မလူသစ်စုဆောင်းခံရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဓားပြတိုက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ သယံဇာတများကို ခိုးထုတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ကိုင်လာကြသည်။

အဆိုပါလုပ်ရပ်များသည် တိုင်းပြည်နှင့်လူမျိုးကို ဖျက်ဆီးသောလုပ်ရပ်များဖြစ်၍ အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်၊ အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်ခြင်း၊ အဓမ္မကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းကြီးစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ ထိုးစစ်ကို ခုခံနိုင်စွမ်းမရှိတော့ခြင်း စသည်တို့ကြောင့် စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည်။ သို့ဖြစ်၍ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်ပြီး ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများသည် ၎င်းတို့နှင့်အတူ မောင်းပြန်ရိုင်ဖယ် ၁၀ လက်၊ ပစ္စတိုတစ်လက်၊ လက်ပစ်ဗုံးနှင့်လက်လုပ်မိုင်း ခြောက်လုံး၊ ကျည်အိမ် ၁၈ ခု၊ ကျည် ၇၅၉ တောင့်တို့ကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက မောင်းပြန်ရိုင်ဖယ်တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်း၊ ပစ္စတိုသေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်လုပ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်းတစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်လာသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၈၃ ဦးအတွက် ဆုကြေး ငွေကျပ် ၄၁၅၀၀၀၀ ထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ထိုးပြီး မိဘအုပ်ထိန်းသူများထံ လွှဲအပ်ပေးခဲ့သည်။

နိုင်ငံတော်က PDF အမည်ခံလူငယ်များအားကြိုဆိုလက်ခံထောက်ပံ့ကူညီပေးမှုများနှင့်အတူ ယခုအခါ မိဘအရိပ်အောက်တွင် အေးချမ်းစွာနေထိုင်ကြရပြီဖြစ်ရာ ထိုကဲ့သို့ပင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူ PDF အမည်ခံများစွာ ကျန်ရှိသေးသည်ဟု သိရသည်။ PDF အမည်ခံအဖွဲ့ဝင်အများစုသည် မူလက အေးချမ်းစွာနေထိုင်ခဲ့ကြသော ကျေးလက်ဒေသများမှ ဒေသခံလူငယ်လူရွယ်လေးများဖြစ်ကြသည်။ ၂၀၂၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် ကျေးလက်ဒေသအများစုအတွင်း နိုင်ငံရေးပယောဂများ လွှမ်းမိုးခြင်းခံရပြီး ၂၀၂၁ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်၏တာဝန်ကိုရယူသည့်အခါ အတွေးအခေါ် အယူအဆ အသိအမြင်မှားများဖြင့် နိုင်ငံတော်ကိုဆန့်ကျင်ပြီး လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ယခုအခါ အစိုးရနှင့် တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် ၎င်းတို့၏ မှားယွင်းမှုများကို သိမြင်နားလည်လာကြသဖြင့် ဥပဒေဘောင်အတွင်းသို့ တဖွဲဖွဲ ပြန်လည်ဝင်ရောက်လာကြပြီဖြစ်သည်။

သို့ဖြစ်ရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ပြီး ပါရှိလာသည့် လက်နက်ခဲယမ်းများအတွက်လည်း ဆုကြေးငွေများရရှိမည်ဖြစ်ရာ လက်နက်ကိုင်လမ်းစဉ်၏ ဆိုးကျိုးများနှင့် အမှားများကိုသိမြင်ပြီး ဥပဒေဘောင်အတွင်းနေထိုင်ခြင်းဖြင့် ဘေးကင်းရန်ကွာ စိတ်ချမ်းသာမည်ဖြစ်ပါကြောင်း။ ။

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များအား ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်အား ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များအား မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် (၁-၁၂-၂၀၂၅)ရက်မှ (၃၁-၃-၂၀၂၆)ရက်အထိ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## မင်္ဂလာဒုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်သူက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**



ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးဘက်ကျွမ်းကျင်-၄(ဆေးလူမှု)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

ကြည့်မြင်တိုင်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် (SSK) ကိုယ်ပိုင်အလယ်တန်းကျောင်းအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်ကာ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၈ ရက်တွင် စစ်ဆေးခြင်းများ ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



## ၂၉ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



**❂ ရှေ့ဖုံးမှ**



လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ သီလဝါဆိပ်ကမ်းရှိ သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်ရုံများမှ သတ်မှတ်ဓာတ်အားပမာဏ ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ LNG သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ်ဖြစ်သည့် အတွက် လေလွင့်မှု နည်းပါးစေရန် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်ရေးနှင့် စက်စွမ်းရည် ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားကာ ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါဆိပ်ကမ်း၌ FSU ဆိုက်ကပ်ထားရှိမှု၊ သိုလှောင်ထားသော LNG ဓာတ်ငွေ့ရည်ကို ပိုက်လိုင်းများဖြင့် ဓာတ်ငွေ့ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit)သို့ ပေးပို့နေမှု၊ LNG ကို သဘာဝဓာတ်ငွေ့ ပြန်လည်ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၌ ဓာတ်အား ထိန်းချုပ်ခန်းနှင့် ဓာတ်အားပေး စက်ရုံဝင်းအတွင်း ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ယမန်နေ့ညနေပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီး အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒညင်းကုန်းလမ်းဆုံ မီးရထားသံလမ်းထိပ်မှ လှော်ကားတာဆုံအထိ လမ်းနယ်နှင့် မလွတ်ကင်းသော ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို လမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းတိုင်များ အသစ်စိုက်ထူခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဓာတ်အားလိုင်းဟောင်း ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလိုင်းများ ဖြုတ်သိမ်းခြင်းနှင့် ရွှေ့ပြောင်းတည်ဆောက်ခြင်း လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ ဝန်ထမ်းများလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

**❖ ပေါ်ဆန်းစပါးမှ**

အဆိုပါ သုတေသစိုက်ကွင်းအား နိုဝင်ဘာ ၂၉ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဤသုတေသနသည် ရာသီပေါ်ဆန်းစပါးကို ရေကျနောက်စိုက် စိုက်ပျိုးသည့်ဒေသများတွင် လွန်စွာအသုံးဝင်မည့် စမ်းသပ်ချက်ဖြစ်ကြောင်း၊ ယခုနည်းပညာကို ဆောင်းရာသီ နေ့တာတိုကာလတွင် ပန်းပွင့်ခြင်းအား နှောင့်နှေးအောင် ပြုလုပ်နိုင်မည့်အတွက် ပေါ်ဆန်းစပါးကို သာမန်စိုက်ပျိုးချိန်ထက်နောက်ကျစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ စပါးပင်၏ ပင်ပိုင်းကြီးထွားမှုဘဝ (Vegetative Phase)ကို ပိုရှည်စေသည့်အတွက် ပင်ပိုင်းကြီးထွားမှု ပိုကောင်းလာပြီး သာမန်စိုက်ပျိုးချိန်ကဲ့သို့ပင် သီးပွင့်၍ အထွက်တိုးစိုက်စနစ် ကျင့်သုံးစိုက်ပျိုးနိုင်ခြင်းကြောင့် အထွက်နှုန်းမြင့်တက်လာမည်ဖြစ်ကာ ရနံ့အရည်အသွေး (2AP)ကိုလည်း ကောင်းစွာထိန်းသိမ်းနိုင်မည်ဖြစ်၍ သုတေသီများ အနေဖြင့်အလေးထား စောင့်ကြည့်ဆောင်ရွက်ကြရန်နှင့် တွေ့ရှိချက်ခိုင်မာစေရန် အကြိမ်များများ စမ်းသပ်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဥယျာဉ်ခြံသီးနှံ သုတေသနဌာနခွဲ သစ်သီးဝလံ သုတေသနဌာနစုတွင် ဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီနယ်မြေအတွင်း အမယ်သစ်သီးနှံရရှိရေး စမ်းသပ်စိုက်ပျိုးထားသည့် ဆင်ခရမ်းချဉ် စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး ဟင်းစားပဲပုပ်နှင့် အာလူး၊ ပိန်းဥနှင့် ပီလောပီနံ မြစ်စား စသည့်သီးနှံများအား မျိုးစေ့ဘဏ်နှင့် ပူးပေါင်း၍ မျိုးစုဆောင်းခြင်းနှင့် မျိုးထိန်းသိမ်းခြင်း သုတေသနများတိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပသည့် (၈၂)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

နေကြာသီးနှံစိုက်ပျိုး ထုတ်လုပ်မှုမြင့်မားရေး အတွက်လိုက်နာဆောင်ရွက်ရမည့် အချက်များ ခေါင်းစဉ်ဖြင့်ဆွေးနွေးသည့် အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါ်ပပဝင်းက နေကြာသီးနှံအကြောင်း သိကောင်းစရာများ၊ နေကြာဆီစားသုံးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ နေကြာသီးနှံ မြန်မာနိုင်ငံသို့ရောက်ရှိလာပုံ ၊ နေကြာသီးနှံ သုတေသနခရီး၊ လက်ရှိဆောင်ရွက်လျက်ရှိသော နေကြာသီးနှံသုတေသနလုပ်ငန်းများ၊ စပ်မျိုးနေကြာ မျိုးမွေးမြူထုတ်လုပ်ပုံအဆင့်ဆင့်၊ သဘာဝဝတ်မှုန်ကူး မျိုးမွေးမြူထုတ်လုပ်ပုံအဆင့်ဆင့်၊ တောင်သူများပူးပေါင်းပါဝင်သည့် ဆင်းရွှေကြာ-၂ နေကြာမျိုးအား မျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များ၊ မျိုးမြှင့်တင်ခြင်း လုပ်ငန်းစဉ်များအားဆွေးနွေးတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ တောင်သူများနှင့် ဆွေးနွေးခြင်း၊ တောင်သူများအား စစ်တမ်းကောက်ယူခြင်းများဆောင်ရွက်ခဲ့ကြသည်။ ယနေ့ကျင်းပသည့် (၈၂)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်များမှ တောင်သူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) မှ ဆရာ ဆရာမများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာပေးဝန်ထမ်းများနှင့် တောင်သူ ၃၀၀ တို့က အွန်လိုင်း zoom point ၁၀၀ မှ ပါဝင် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက အမှတ်( ၃ )အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားများ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာမ သုခေတ်မေက စာဖတ်ခြင်းအကျိုးကျေးဇူးများနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အား/ကာမှူး ဒေါ်မြလေးနွယ်က အားကစားနှင့် ကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အထူးဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် အဖွဲ့ဝင် ဦးအောင်မိုးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်ဝင်းကြည်တို့ကလည်းကောင်း ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**



**ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဒူးယားမြို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၇ ရက်တွင် ဒူးယားဈေးအတွင်း မီးဘေးလုံခြုံရေးအသိပညာပေး စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။**

စူပါဟိန်း

# ဘယ်လာရုစ်သမ္မတနိုင်ငံမှဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ဈေးအတွင်းကြည့်ရှုလေ့လာ၊ ညပိုင်းတွင် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ စက်မှုဝန်ကြီး H. E. Mr. Andrei KUZNIATSOU ၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU ၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်းဆောင်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးရာ ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ပုံတော်နှင့် မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင်



အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင် အောင်မြေနေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးတွင် ခေါင်းလောင်းထိုး၍ မေတ္တာပို့ဆုတောင်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ကျောက်စိမ်း၊ ပန်းပုနှင့် လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ငွေချည်ထိုး လက်ရာပစ္စည်းများ၊ ပန်းချီ၊ ပန်းပုပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကာ ဝယ်ယူအားပေးကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး၊ စက်မှုဝန်ကြီး H.E. Mr. Andrei KUZNIATSOU ၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီးH.E. Mr. Yury HORLAU ၊ ကျန်းမာရေးဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့်ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အားလေဆိပ်ဧည့်ခန်းမ၌ မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ် ရန်ကုန်မြို့အတွင်းဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့မဈေးကြီးရှေ့ ပထမလမ်းတွင် နိုဝင်ဘာ ၂၇ ရက်က ပြည်သူလူထုပူးပေါင်းပါဝင်သော ဖျာပုံမြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကျင်းပရာ သရုပ်ပြအဖွဲ့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ရောဝတီသားဟော့ကုမ္ပဏီမှ ဦးမင်းမင်း၊ မြို့မိ မြို့ဖ ဦးအောင်ခိုင်ဝင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ရှစ်သိန်းချီးမြှင့်ခဲ့ပြီး မြို့မဈေး မီးဘေးကာကွယ်ရေးအတွက် စစ်ဆေးစဉ်။

ဟိန်းကိုအောင်



ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အင်ပင်မြို့ အမှတ်(၁) ရပ်ကွက် စည်ပင်သာယာပိုင်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင် ဦးဆောင်ကာ သန္ဓေ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၇ ရက်တွင် အသိပညာပေးစစ်ဆေးစဉ်။

ရောဦးသာ

# စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံ

**ရန်ကုန် နိုဝင်ဘာ ၂၉**

စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုရုံး၌ ပြုလုပ်သည်။

**သတိပြုရှောင်ရှား**

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဖြတ်သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများ သတိပြုရှောင်ရှားသင့်သည့် အကြောင်းအရာများကို



ရှင်းလင်း ပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ကျောင်းသားလူငယ်ထုဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက မူးယစ်ဆေးဖြတ်ပြီး၍ နောက်ဆက်တွဲစောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား ဘဝအောင်မြင်တိုးတက်စေရေးအတွက် လမ်းညွှန်ဆုံးမစကား ပြောကြားကာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုအနေဖြင့် မူးယစ်ဆေးစွဲလူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဆိုရှယ်မီဒီယာမှ ဆက်သွယ်လာသည့် မူးယစ်ဆေးစွဲ လူနာများအား ဆေးရုံသို့ လွှဲပြောင်းညွှန်းပို့၍ဆေးဖြတ်ပေးခြင်း၊ ဆေးရုံမှ ပြန်ဆင်းလာသည့်အခါ ပြန်လည်ထူထောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ မူးယစ်ဆေးဖြတ်သင်တန်းသား ၃၅၁ ဦးတို့အား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

# အောင်လံမြို့၌ ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

**အောင်လံ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ အောင်လံမြို့ တရော်ကုန်းရပ်ကွက် (၁၁)လမ်း ဆုတောင်းပြည့်ရွှေပြောင်ပြောင်ဘုရားရှေ့စုရပ်မှ အောင်မြေရွှေဝါအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်သည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း




အဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၅၀ ခန့် ပါဝင်လမ်းလျှောက်ခဲ့ကြပြီး သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် လမ်းလျှောက်ပွဲတွင်ပါဝင်သူများအား ကောက်ညှင်းပေါင်းများကျွေးမွေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၈ ရက်

သာ လိုတော့သည်။



## ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၂၉

ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အလေးထားဆောင်ရွက်ရေးနှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

### ကြည့်ရှုအားပေး

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းပရဝဏ်အတွင်း သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသားကျောင်းသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် ကျောင်းဝင်းများအတွင်း အရိပ်ရပင်များ စနစ်တကျစိုက်ပျိုးပြီး တစ်ပင်စိုက်တစ်ပင်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ မဲစာရင်းမှန်ကန်ရေးတိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

ဘီးလင်း နိုဝင်ဘာ ၂၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ တာဝန်ရှိသူများက အဖွဲ့များခွဲကာ ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းများကို ဘီးလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေယုအောင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးကြပြီး ရပ်ကွက်၊ ကျေးရွာအလိုက် ကြီးကြပ်တာဝန်ခံ ဌာနဆိုင်ရာများက တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ပတ်သက်၍ တင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဲစာရင်းများမှန်ကန်စေရေး တစ်အိမ်တက်ဆင်းစနစ်ဖြင့် မြေပြင်ကွင်းဆင်းကောက်ယူ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် မြို့နယ်မဲစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်းကြီးကြပ်ရေး ကော်မတီမှ မြို့နယ်မဲစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်း ကြီးကြပ်ရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်းစနစ်ဖြင့် မြေပြင်ကွင်းဆင်း ကောက်ယူလျက်ရှိသည်။



ထိုသို့ မြေပြင်ကွင်းဆင်း ကောက်ယူရာတွင် မြို့နယ်မဲစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်း ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ခုနစ်ဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်လျက်ရှိရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်မဲစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်း ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် စမ်းသပ်မဲပေးနေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် စက်မှုဇုန်များတွင် လက်တွေ့စမ်းသပ်မဲပေးနေမှုများကိုယမန်နေ့နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ခဲ့ကြသည်။



### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာတွင် မရမ်းကုန်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဌေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအလိုက် ဆန္ဒမဲပေးနိုင်မည့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး စိစစ်ဆောင်ရွက်ခြင်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်း ဆောင်ရွက်နေမှုများ ကြည့်ရှုကြသည်။

ယင်းနောက် ရွှေပေါက်ကံစက်မှုဇုန် သီရိသုခမ္မောရုံအတွင်း၌ စက်မှုဇုန်အတွင်းရှိ အလုပ်သမားများက လက်တွေ့စမ်းသပ်မဲပေး ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**

# ချစ်ခြင်းတရားနှောင်ကြိုးမှသည် ခိုင်မာအားကောင်းမှုအရပ်ရပ်ဆီ

ယနေ့ Multipolar, Multilateral ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ မိတ်ဆွေဖြစ်ရန် ကြိုးစားလာကြသည်။ ယခုလိုကာလမျိုး ပဋိပက္ခ၊ သဘာဝဘေး၊ ရောဂါမျိုးစုံ၊ ဘေးဒုက္ခအစုံနှင့်ပြည့်နေသည့်ကမ္ဘာကြီးတွင် ရန်ဘက်အသွင်ပြောင်းနိုင်ငံများအကြား နိုင်ငံတကာမိတ်ဖက်အသိုက်အဝန်းတစ်ခု ဖန်တီးဖို့ဆိုသည်မှာ ခက်ခက်ခဲခဲကြိုးပမ်းမှ ရလာနိုင်သည့်အခြေအနေမျိုးဖြစ်သည်။ အကျိုးစီးပွားပဓာနနိုင်ငံများ၊ အတ္တကြီးမားခေါင်းဆောင်များကြောင့် စိန်ခေါ်မှုများရှိမြဲရှိနေငြား မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများက အရှိန်တစ်ခုတွင် ခပ်သွက်သွက်ဖြစ်လာသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် မိသားစုပမာ၊ ညီအစ်ကိုရင်းပမာ ညီညွတ်သောမဟာမိတ်အသွင် ပို၍ထင်ရှားလာနေသည်။

မိုးကေနိုင်


### အပြုသဘောမှန်သမျှ အပေါင်းလက္ခဏာ ဆောင်ပါသည်

ယခုလိုအခြေအနေမျိုးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အရှေ့ဥရောပကုန်းတွင်းပိတ် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု၊ အစိုးရနှင့် ပြည်သူအချင်းချင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုဆိုသည်က နှစ်နိုင်ငံအကျိုးစီးပွားအတွက်သာမက ဒေသတွင်း အကျိုးစီးပွားမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးအထိ သက်ရောက်မှုရှိသည်ဆိုလျှင် ငြင်းပယ်ရန်အကြောင်းမရှိပါ။ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှက အပေါင်းလက္ခဏာဆောင်ခဲ့သည်ချည်းဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ၂၇ -၁၁-၂၀၂၅ ရက်မှ ၂၈ -၁၁-၂၀၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတကြီး အလက်ဇန္ဒားလူကာရှန်ကို၏ ခရီးစဉ်ကိုပင်ကြည့်ပါ။ ပြည်သူနှစ်ရပ်လုံးနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဘယ်လိုဖြစ်ထွန်းနိုင်ပါသလဲ သက်သေပြရာရောက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း ကူညီရာရောက်သည်ဟု သုံးသပ်နိုင်ပါသည်။ ယခု ဘယ်လာရုစ်သမ္မတကြီး၏ခရီးစဉ်ကြောင့် နှစ်နိုင်ငံခေါင်းဆောင်များ၊ ပြည်သူများအကြား ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုအနှစ်က တိုး၍ပင်ခိုင်မြဲသွားသည်ကို တွေ့လိုက်ရသည်။

### ရိုးသားမှု၊ မျှတမှုနှင့် မေတ္တာတရားအပေါ် အခြေခံသည့် အပြန်အလှန် အသိအမှတ်ပြုမှု

အသက်အရွယ်အားဖြင့် ၇၁ နှစ်ရှိပြီဖြစ်သော ဘယ်လာရုစ်သမ္မတကြီးသည် သမိုင်းဘာသာရပ်နှင့်ဘွဲ့ရရှိခဲ့ပြီး စိုက်ပျိုးရေး၊ စီးပွားရေး၊ စစ်ဘက်၊ နိုင်ငံရေးဘက်၊ စီမံခန့်ခွဲရေးနယ်ပယ်မျိုးစုံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်းဖြစ်သည်။ ၁၉၉၄ ခုနှစ်မှ ယခုအချိန်အထိ ခုနစ်ဆက်မြောက် သမ္မတတာဝန်ထမ်းဆောင်နေသည့် ဘယ်လာရုစ်ပြည်သူတို့၏ ခေါင်းဆောင်ကြီးတွင် မှတ်သားလောက်သည့် ဆိုရိုးစကားများစွာရှိသည်ကို လေ့လာဖူးပါသည်။ နိုင်ငံရေးနယ်ပယ်တွင် မျှတမှုနှင့် ရိုးသားမှုမရှိလျှင် ဘယ်တော့မျှအောင်မြင်မှုရမည်မဟုတ် ဟူသော အခြေခံသဘောတရားမှာ မှတ်သားလောက်သည်။ သူ့နိုင်ငံနှင့် နိုင်ငံသားများအတွက် အဂတိတရားကင်းစွာဖြင့် သူ့နောက်ဆုံးထွက်သက်အထိ အလုပ်အကျွေးပြုမည့်သူ၏သန္နိဋ္ဌာန်မှာ ရိုးသားမှုဂုဏ်နှင့် မျှတမှုအပေါ်တွင် မည်မျှအခြေခံနေကြောင်း ပေါ်လွင်နေသည်။

ထို့ကြောင့်လည်း ယခုနှစ် မတ်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံတော်အကြီးအကဲက နိုင်ငံ၏ ဂုဏ်ထူးဆောင်ဘွဲ့တစ်မျိုးဖြစ်သည့် "အဂ္ဂမဟာသရေစည်သူဘွဲ့" ကို သမ္မတလူကာရှန်ကိုအား ဂုဏ်ပြုအပ်နှင်းခဲ့သည်ကို ပြန်လည်အမှတ်ရမိသည်။ အပြန်အလှန် အသိအမှတ်ပြုမှုများက အမှန်တကယ် ထိရောက်မှုရှိခဲ့ပါသည်။ မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေလျှင်ဘေးကြီးတွင် ဘယ်လာရုစ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှု အကူအညီများ လျှင်လျှင်မြန်မြန် ထိထိရောက်ရောက်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက များစွာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒားလူကာရှန်ကို တို့ နိုဝင်ဘာ ၂၈ ရက်က နိုင်ငံတော်သမ္မတအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကျေးဇူးတင်ခဲ့ရသည်။ ထို့ပြင် ပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ဘယ်လာရုစ်နိုင်ငံက လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့ပြီး ရွေးကောက်ပွဲ အကဲခတ်အဖွဲ့များကိုပင် စေလွှတ်မည့်အစီအစဉ်များ တွေ့ရသည်။

ကမ္ဘာကြီးက ယခုအချိန်အခါ ငြိမ်းချမ်းသောအနေအထားတွင် ရှိမနေပါ။ တိုးတက်မှုက အားနည်းနေသည်။ ဒီကြားထဲ အမုန်းကနေ အမုန်းမျိုးစေ့များချနေသမျှ ဘယ်လိုမျှခရီးမရောက်နိုင်ဆိုသည်ကို နှစ်နိုင်ငံခေါင်းဆောင်များ သိထားကြသည်။ နှစ်နိုင်ငံပြည်သူအားလုံး နားလည်ထားသည်က မေတ္တာသည်သာ အခရာပါ။ တစ်ဦးမေတ္တာ တစ်ဦးမျှ၍ အနေဝေးသော်လည်း နှလုံးသားချင်းနီးစပ်အောင် လုပ်နိုင်ရမည်ဟု ခံယူထားကြသည်။ ခံယူထားသည့်အတိုင်းလည်း ခရီးရောက်နေကြပါပြီ။ ယုံကြည်မှုများ တိုးလာခြင်း၊ နားလည်မှုများရှိလာခဲ့ခြင်းကပင် ခရီးရောက်မှုတစ်ခုဖြစ်သည်။

### လမ်းပြမြေပုံအတိုင်း သွားကြရန်ဖြစ်သည်

၁၉၉၉ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြပြီး ၂၀၁၁ ခုနှစ်တွင် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်နှင့် ၂၀၁၅ ခုနှစ်တွင် ထိုစဉ်က မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်ရှိခဲ့ကြဖူးပါသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများလည်း အပြန်အလှန်ခရီးစဉ်များရှိခဲ့ကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ်အတွင်း ဇွန်လနှင့် အောက်တိုဘာလတို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံခရီးစဉ် နှစ်ကြိမ်တိုင်ရှိခဲ့သည်။ ပထမတစ်ကြိမ်ခရီးစဉ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်( EEF-2025 ) သို့ တက်ရောက်ခဲ့ခြင်းဖြစ်၍ ထိုခရီးစဉ်မှ EAEU အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိခဲ့ပါသည်။

ထိုခရီးစဉ်များမှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာခဲ့ပြီး နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခဲ့ကာ ယခုတစ်ကြိမ် မြန်မာနိုင်ငံတွင် ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံခွင့်ရခြင်းကပင် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ဆက်လက်တိုးချဲ့ဖန်တီးခွင့်ကို ရရှိသွားစေသည်။ အရှိန်အဟုန်တစ်ခု ဖြစ်သွားအောင်လည်း ခေါင်းဆောင်နှစ်ဦးနှင့် သက်ဆိုင်ရာ Stakeholders အားလုံး၏ စိတ်ဝင်တစားကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများက အဓိကတွန်းအားများဖြစ်ခဲ့ရသည်။ အားလုံးက နှစ်နိုင်ငံအကျိုးစီးပွား၊ နှစ်နိုင်ငံပြည်သူများအတွက်သာဖြစ်၍ ယခုခရီးစဉ်အတွင်း ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ လမ်းပြမြေပုံအတိုင်းသွားကြရန် ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးလည်းဖြစ်ပါသည်။

### နယ်ပယ်စုံသဘောတူညီမှု ၁၆ ခု

မြန်မာနှင့် ဘယ်လာရုစ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ နယ်ပယ်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည်။ ထို့ကြောင့်လည်း သမ္မတကြီးခရီးစဉ်မစမီကတည်းက ဘယ်လာရုစ်စီးပွားရေးပညာရှင်များ၊ ဝန်ကြီးအဆင့် အစိုးရအဖွဲ့ဝင်များက ကြိုတင်ရောက်ရှိနှင့်ပြီး ရန်ကုန်မြို့ LOTTE ဟိုတယ်တွင် မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်တစ်ခုကို ကျင်းပနိုင်ခဲ့သည်။ ဘယ်လာရုစ်ဘက်မှ BelCCI နှင့် မြန်မာနိုင်ငံဘက်မှ UMFCCI အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ကြိုတင်ဆွေးနွေးခဲ့ကြပြီး ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူညီချက်အပါအဝင် စုစုပေါင်း စာချုပ် ၁၆ ခုကို ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ စာချုပ်များတွင် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်မှု၊ ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ၊ ခရီးသွားနှင့်ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ ဘဏ်နှင့်ငွေကြေးကဏ္ဍများ နယ်ပယ်အစုံပါဝင်သည်ကို တွေ့ရသည်။

စာမျက်နှာ ၇ သို့ ■

**ကမ္ဘာကြီးက ယခုအချိန်အခါ ငြိမ်းချမ်းသောအနေအထားတွင် ရှိမနေပါ။ တိုးတက်မှုက အားနည်းနေသည်။ ဒီကြားထဲ အမုန်းကနေ အမုန်းမျိုးစေ့များချနေသမျှ ဘယ်လိုမျှခရီးမရောက်နိုင်ဆိုသည်ကို နှစ်နိုင်ငံခေါင်းဆောင်များ သိထားကြသည်။ နှစ်နိုင်ငံပြည်သူအားလုံး နားလည်ထားသည်က မေတ္တာသည်သာ အခရာပါ။ တစ်ဦးမေတ္တာ တစ်ဦးမျှ၍ အနေဝေးသော်လည်း နှလုံးသားချင်းနီးစပ်အောင် လုပ်နိုင်ရမည်ဟု ခံယူထားကြသည်။ ခံယူထားသည့်အတိုင်းလည်း ခရီးရောက်နေကြပါပြီ။ ယုံကြည်မှုများတိုးလာခြင်း၊ နားလည်မှုများရှိလာခဲ့ခြင်းကပင် ခရီးရောက်မှုတစ်ခုပင်ဖြစ်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မဲစာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာထားရှိမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ်ခုတင် (၅၀) ပြည်သူ့ဆေးရုံနှင့် လယ်ဝေးမြို့နယ်ခုတင် (၁၀၀) ပြည်သူ့ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ချုံနွယ်များရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုနှင့် ဆန်၊ ဆီ၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကွင်းအမှတ် ၁၈၁၁၁၊ တောင်သူဦးမင်းမင်း၏ မိုးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး လိုအပ်သည်များမှာကြား၍ ဆင်းသုခစပါးမျိုး မိုးစပါးစိုက်ခင်းတွင် မိုးစပါးစံကွက် ရိတ်သိမ်းခြင်း၊ စပါးချိန်တွယ်ခြင်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီး H-1 လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းများအမြန်ပြီးစီးအောင် လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိစေရန် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ကံဦးကျေးရွာရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အခြေခံမဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာထားရှိမှု၊ ဒေသခံပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးနေမှု၊ မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများတွေ့ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်းလာရောက်ကြည့်ရှုရေး တိုက်တွန်းနှိုးဆော်ကြရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ စိတ်အေးချမ်းသာစွာကြည့်ရှုနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒက္ခိဏ)

# ဘုတ်ပြင်းမြို့နယ်၌ အုန်းတောကမ်း-နီပါး-ပါးစပ်ကုန်း-လိပ်ဥချောင်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်း



ဘုတ်ပြင်း နိုဝင်ဘာ ၂၉

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအုပ်စုရှိ အုန်းတောကမ်း-နီပါး-ပါးစပ်ကုန်း-လိပ်ဥချောင်း ကျေးရွာချင်း ဆက်လမ်း ကျောက်ချော လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးထွန်းဝေသည် ညွှန်ကြားရေးမှူး(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အုန်းတောကမ်း-နီပါး-ပါးစပ်ကုန်း-လိပ်ဥချောင်းကျေးရွာချင်းဆက် လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေ ၁၄၁ ဒသမ ၂၄၄ ကျပ်သန်းဖြင့် အရှည်(၀/၄ ဒသမ ၅) မိုင် အကျယ် ၁၄ ပေ၊ ထု ၉ လက်မ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အချိန်မီပြီးစီးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■ စာမျက်နှာ ၆ မှ

ရင်းနှီးမြှုပ်နှံမှုနှင့်ဖက်စပ်လုပ်ငန်းများ ဖြစ်ထွန်းလာမည့်သဘောရှိသည်။ မြန်မာနိုင်ငံမှ ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီကို တင်ပို့နိုင်မည့်အခွင့်အလမ်းများ တွေ့မြင်နေရပါပြီ။ စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ ရှိလာပါမည်။ MSME ထုတ်ကုန်များအတွက် ဈေးကွက်အလားအလာများ မြင်တွေ့နေရသည်။ ကျန်းမာရေးကဏ္ဍ၌ ကင်ဆာရောဂါရှင်များအတွက် အားရဖွယ်အလားအလာများ ရှိလာပါပြီ။ နောင်တွင်လည်း ဝန်ကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ နောက်ဆက်တွဲ အပြန်အလှန်ခရီးစဉ်များလည်း ရှိလာပါလိမ့်မည်။

> **❛ နှစ်နိုင်ငံကြား ချစ်ခြင်းတရားကား ဘောင်ခတ်ထားခြင်း အလျှင်းမရှိ၊ နယ်နိမိတ်မခြား၊ အဆီးအတားမရှိ တိုးတက်ဖြစ်ထွန်းခဲ့ပါပြီ။ တစ်ဦးနှင့်တစ်ဦး မဟာဗျူဟာမြောက် အကျိုးစီးပွားမိတ်ဖက်များအဖြစ်လည်း ပို၍ထင်ရှားခဲ့ပါပြီ။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လိုအပ်ချက်များအတွက် တကယ့်မိတ်ဆွေအစစ်အမှန် အနာဂတ်အတွက် စံပြတစ်ခုဖြစ်ခဲ့ပါပြီ။ ရေရှည်လက်တွဲမည့် မဟာမိတ်များပီပီ နိုင်ငံတကာမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံ၏ ထောက်ခံအားပေးမှုသည် ပို၍ခိုင်မာလာတော့မည်ဟုယုံကြည် ❜**

## နားလည်မှုစာချွန်လွှာများ

နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ တွေ့ဆုံဆွေးနွေးမှုများတွင် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကိုအခြေခံသည့် ပြောကြားချက်များပါဝင်သည်ကို သတိထားမိသည်။ စေတနာပါသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အသိအမှတ်ပြုမှုများကို တွေ့ရသည်။ ရင်းနှီးပွင့်လင်းစွာ အမြင်များ ဖလှယ်နိုင်ခဲ့ကြသည်မှာ အားရစရာဖြစ်သည်။ အထူးသဖြင့် နယ်စပ်ဒေသ အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးတိုင် တိုက်ဖျက်နေမှုများနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ အနာဂတ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအခြေအနေများအပေါ် အမြင်များဖလှယ်နိုင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံ့အကြီးအကဲများ ရှေ့မှောက်တွင်ပင် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးလဲလှယ်ကြသည့်အခါ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ၊ ပို့ကုန်ချေးငွေ မူဘောင်သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများပါဝင်ကြောင်း သိရှိရသည်။

## ထူးခြားလေးနက်မှုများစွာဖြင့်

ယခုခရီးစဉ်မှ ကောင်းသောလက္ခဏာများစွာကို မြင်တွေ့ခဲ့ရပါပြီ။ ခရီးစဉ်က အဓိပ္ပာယ်များစွာရှိခဲ့သည်။ ကော်ဇောနီခင်း၊ တိုင်းရင်းသားရိုးရာအလှအကများနှင့် နှစ်နိုင်ငံအလံများအောက်တွင် ခမ်းနားသောကြိုဆိုဧည့်ခံမှုများနှင့် အထူးအဆင့်အတန်းထားရှိမှုများကို လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁ အလွန် ပထမဦးဆုံးလာရောက်လည်ပတ်သော ဘယ်လာရုစ်နိုင်ငံသမ္မတကြီး မြန်မာ့လေပိုင်နက်ထဲရောက်သည်နှင့် မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမြောက်မျိုးဆက်လွန် SU-30 SME ဘက်စုံသုံးဂျက်တိုက်လေယာဉ်သုံးစင်း လိုက်ပါခြံရံ၍ကြိုဆိုဂုဏ်ပြုမှုနှင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းများက အလွန်ထူးခြားခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးတွင် အရေးပါမှုတစ်ခု၊ စစ်ရေးစွမ်းရည်ပြသရာ စစ်ယဉ်ကျေးမှုတစ်ခု၊ လုံခြုံရေးအပေါ် အလေးထားမှုနှင့်အတူ ယုံကြည်မှုဖြင့် ချစ်ကြည်ရေးကို တည်ဆောက်ပြီး အမြင့်ဆုံးသော ဂုဏ်ပြုမှုတစ်ခုဖြစ်ခဲ့ပါသည်။ ဂုဏ်ပြုမြင်းတပ်ဖွဲ့ဖြင့် ချီးမြှောက်ဂုဏ်ပြုခြင်းကလည်း ဧည့်သည်တော်ကြီး၏အရေးပါမှုနှင့် အလေးအနက်ထားမှုကို ဖွင့်ဟရာ ရောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းနှင့်ချီသည့် ခွန်အားပါသော ယဉ်ကျေးမှု၊ သစ္စာရှိမှုနှင့် ကျေးဇူးတရားသိမှု ထုံးတမ်းအစဉ်အလာတစ်ခုကို ထိန်းသိမ်းဖော်ပြရာလည်းရောက်ပါသည်။ လေးစားမှုကိုပြသည်၊ ချစ်ခြင်းမေတ္တာနှင့် နွေးထွေးမှုကိုပြသခြင်းဖြင့် ထူးခြားလေးနက်မှုများစွာရှိခဲ့ပါသည်။

## ဤနေ့ ဤရက် သမိုင်းဝင်လေးနက်ခဲ့ပါသည်

ခရီးစဉ်တစ်ခုလုံးတွင် ထူးခြားလေးနက်မှုများစွာရှိခဲ့ရာ ၂၈-၁၁-၂၀၂၅ ရက်သည် နှစ်နိုင်ငံလုံးအတွက် သမိုင်းဝင်နေ့ရက်တစ်ခု ဖြစ်ခဲ့ရသည်။ မြန်မာပြည်သူ ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားရာ အထွတ်အမြတ်တစ်ခုဖြစ်သည့် နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဧည့်သည်တော်သမ္မတကြီး လာရောက်ဖူးမြော်ကြည်ညို၍ ကုသိုလ်ပြုခဲ့သည့်အတွက်ဖြစ်သည်။ ထို့အတွက် ဗုဒ္ဓဘာသာဝင်အားလုံး ဝမ်းသာပီတိဂုဏ်ယူရပါသည်။ ထို့နောက် နေပြည်တော်ရှိတစ်ချိန်က BIMSTEC အဖွဲ့ဝင် နိုင်ငံအကြီးအကဲများ စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ်သစ်ပင်များ တည်ရှိရာ အမျိုးသားပရဆေးဥယျာဉ်၌ နှစ်နိုင်ငံခေါင်းဆောင်များ အမှတ်တရကံ့ကော်ပင်စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ် အခမ်းအနားတစ်ခုသည်လည်း နှစ်နိုင်ငံချစ်ကြည်ရေး အဓွန့်ရှည်ရေးအုတ်မြစ်တစ်ခု စိုက်ထူလိုက်ခြင်းမည်ပါသည်။ နောက်ထပ်ထူးခြားမှုတစ်ခုက နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေးရှေ့လမ်းတစ်ခုကို ဘယ်လာရုစ်နိုင်ငံ မြို့တော် မင့်စ်မြို့ကိုအစွဲပြုကာ မင့်စ်လမ်းဟူ၍ အမည်ပေးခဲ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံက လမ်းတစ်ခုကို နိုင်ငံခြားမြို့တော်တစ်ခုအမည်ကို ပေးခြင်းကား သမိုင်းဝင်ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

နှစ်နိုင်ငံကြား ချစ်ခြင်းတရားကား ဘောင်ခတ်ထားခြင်းအလျှင်းမရှိ၊ နယ်နိမိတ်မခြား၊ အဆီးအတားမရှိ တိုးတက်ဖြစ်ထွန်းခဲ့ပါပြီ။ တစ်ဦးနှင့်တစ်ဦး မဟာဗျူဟာမြောက် အကျိုးစီးပွားမိတ်ဖက်များအဖြစ်လည်း ပို၍ထင်ရှားခဲ့ပါပြီ။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လိုအပ်ချက်များအတွက် တကယ့်မိတ်ဆွေအစစ်အမှန် အနာဂတ်အတွက် စံပြတစ်ခုဖြစ်ခဲ့ပါပြီ။ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် BRICS အဖွဲ့ဝင်၊ SCO အဖွဲ့ဝင်၊ EAEU အဖွဲ့ဝင်ဖြစ်လာရေး ကြိုးပမ်းအားထုတ်မှုများတွင် အားသာချက်များအဖြစ် ပေါ်လွင်လာမည်ဟု ယူဆပါသည်။ ရေရှည်လက်တွဲမည့် မဟာမိတ်များပီပီ နိုင်ငံတကာမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံ၏ ထောက်ခံအားပေးမှုသည် ပို၍ခိုင်မာလာတော့မည်ဟု ယုံကြည်ပါသည်။ မြန်မာ-ဘယ်လာရုစ်ဆက်ဆံရေးအတိတ်သမိုင်းလှခဲ့သလို ပစ္စုပ္ပန်လည်းထို့အတူ၊ အနာဂတ်သမိုင်းလည်း လှနေတော့မှာမလွဲပါဟူ၍ ဂုဏ်ပြုအပ်ပါသည်။ ။

# ပြည်မြို့နယ်အတွင်း အားကစားကဏ္ဍနှင့် သဲကုန်းမြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပြည် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့သည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း အားကစားကဏ္ဍ ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပြည်မြို့ ကမ်းနားလမ်းဘေးရှိ ခေတ္တရာရောပန်းခြံ ဘက်စုံအဆင့်မြှင့်တင်နေမှု၊ ကမ်းနားလမ်းတိုးချဲ့ဆောင်ရွက်နေမှု၊ နိုင်ငံတကာအဆင့်မီ Coffee Shop များ တည်ဆောက်နေမှုနှင့် ဘူးခါးရိုးချောင်းအား လူကူးကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်မြို့ ရွှေဂူရပ်ကွက်ရှိ ခေတ္တရာပြည်သူ့ခန်းမ (ဘက်စုံသုံးအားကစားခန်းမ)နှင့် မြို့နယ်အားကစားကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းဧရိယာအတွင်း ကျူးကျော်မှုများမရှိစေရေး၊ အားကစားနှင့်သက်ဆိုင်သည့်အဆောက်အအုံများသာထားရှိရန်၊ ဘောလုံးကွင်းဧရိယာကို သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရန်နှင့်အားကစားပွဲကြည့်စင်များပြန်လည်တည်ဆောက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းနှင့် ဆင်စုရပ်ကွက်၌ ဘက်စုံအားကစားကွင်းနှင့် အားကစားခန်းမ တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဘက်စုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ အားကစားကွင်းတစ်ခု၏ အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် ဝန်ထမ်းအိမ်ရာများ သီးသန့်တည်ဆောက်ရန်၊ မြေယာပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများကို ကွင်းဆင်းတိုင်းတာ စိစစ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့သို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်းနှင့် မိမိတို့၏ သားငယ် သမီးငယ်များသည် အနာဂတ်နိုင်ငံတော်ကြီးကို ဦးဆောင်ပုံဖော်ထုဆစ်မည့် ဗိသုကာပညာရှင်များဖြစ်၍ ပညာရေးကို ဦးစားပေး အလေးထားသင်ကြားပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပြန်လည်ဖြေကြားရှင်းလင်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ ပဲတီစိမ်း မျိုးသန့်စံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးကာ ပဲတီစိမ်းသီးနှံသည် ပြည်ပပို့ကုန်သီးနှံဖြစ်၍ ပိုးသတ်ဆေးသုံးစွဲမှုအပေါ် သတ်မှတ်ချက်များအတိုင်းသာ သုံးစွဲရန်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေး အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၉၃)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မော်ရိုကိုနိုင်ငံ မာရကက်ရှ်မြို့၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသော (၉၃)ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံ (93rd INTERPOL General Assembly)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



နိုဝင်ဘာ၂၄ ရက် နံနက်ပိုင်း ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် မော်ရိုကိုနိုင်ငံ အမျိုးသားလုံခြုံရေးနှင့် နယ်မြေစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Abdellatif Hammou chi နှင့် အင်တာပိုလ်ဥက္ကဋ္ဌ ဗိုလ်ချုပ် Ahmed Naser Al-Raisi တို့က အဖွင့်အမှာစကား ပြောကြားပြီး အင်တာပိုလ်အဖွဲ့ဝင် နိုင်ငံများ၊ လေ့လာသူအဖွဲ့အစည်း စုစုပေါင်း ၁၈၁ နိုင်ငံ/အဖွဲ့တို့မှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များ၊ National Central Bureau (NCB) အကြီးအကဲများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ကြသည်။

ညီလာခံကို အင်တာပိုလ်ဥက္ကဋ္ဌ ဗိုလ်ချုပ် Ahmed Naser Al-Raisi နှင့် အင်တာပိုလ် အထွေထွေအတွင်းရေးမှူးချုပ် Mr. Valdecy Urquiza တို့က ဦးဆောင်၍ကျင်းပခဲ့ပြီး အင်တာပိုလ်၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ အထွေထွေသဘောတူညီချက်(General Agreement on the Privileges and Immunities of the ICPO-INTERPOL) ကို အတည်ပြုခဲ့ကြကာ အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်၊ အတည်ပြုဝင်ရောက်ရန်နှင့် ပူးပေါင်းပါဝင်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တောင်းဆိုခြင်း၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စနစ်များ အသုံးပြုကျူးလွန်သော ရာဇဝတ်မှုများ တိုက်ဖျက်ရေးနှင့် အီလက်ထရောနစ် သက်သေအထောက်အထားများ မျှဝေရေးတို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်သည့် ကုလသမဂ္ဂဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(United Nations Convention against Cybercrime) ကို ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အတည်ပြုခဲ့ပြီးဖြစ်သဖြင့် အဆိုပါကွန်ဗင်းရှင်းအား သက်ဆိုင်ရာနိုင်ငံဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်မှတ်ရေးထိုးရန်၊ အတည်ပြုရန် အားပေးတိုက်တွန်းခြင်းနှင့် ကုလသမဂ္ဂ၌ အင်တာပိုလ်၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်အတွက် National Central Bureau များနှင့် ၎င်းတို့၏အဖွဲ့ဝင်နိုင်ငံများ၏ကိုယ်စားလှယ်များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် တရားဥပဒေစိုးမိုးရေးအတွက် ယုံကြည်စိတ်ချရသော ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ဗဟိုချက် ဖြစ်လာစေရန်၊ ကမ္ဘာ့အဆင့်မီ စုံစမ်းစစ်ဆေးရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန်၊ ကမ္ဘာတစ်ဝန်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင်ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နိုင်ရန်၊ အင်တာပိုလ်၏ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးတည်ငြိမ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်စံနှုန်းများ အမြင့်ဆုံးတွင်ရှိနေစေရန် စသည့် ရည်မှန်းချက်(၄)ရပ် ပြဋ္ဌာန်းထားသော အင်တာပိုလ်၏ မဟာဗျူဟာမူဘောင် (၂၀၂၆–၂၀၃၀) (Strategic Framework 2026–2030) ကို အတည်ပြုခြင်း၊ ဒေသဆိုင်ရာ ညီလာခံများတွင် အင်တာပိုလ် ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်နိုင်ရန်နှင့် ဒေသဆိုင်ရာညီလာခံများ၌ အင်တာပိုလ်၏လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံး ဆွေးနွေးနိုင်ရေး ဖိုရမ်တစ်ခုပံ့ပိုးပေးရန် ဆုံးဖြတ်ခြင်း၊ ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီ (Committee on the Processing of Data)သည် အင်တာပိုလ် သတင်းအချက်အလက် စနစ်မှတစ်ဆင့် ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ဥပဒေမူဘောင်နှင့် ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ကြီးကြပ်မှုယန္တရားများအပေါ် ပြန်လည်သုံးသပ်ပြီး အကြံပြုချက်များပေးရန် ဆုံးဖြတ်ခြင်း၊ ၂၀၂၄ ခုနှစ်အတွက် နှစ်ပတ်လည်ဘဏ္ဍာရေး အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ အတည်ပြုခြင်း၊ ၂၀၂၆–၂၀၂၈ ခုနှစ်ကာလအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေထည့်ဝင်ရမည့် နှစ်စဉ်ငွေကြေးနှုန်းထားစနစ်အသစ် (new statutory contributions scale for the period 2026–2028)ကို အတည်ပြုခြင်း၊ အင်တာပိုလ်၏ ၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဘတ်ဂျက်မူကြမ်းနှင့် ၂၀၂၇–၂၀၂၈ ခုနှစ်အတွက် ဘဏ္ဍာရေး ကြိုတင်ခန့်မှန်းချက်များ အတည်ပြုခြင်းတို့ကို ဆောင်ရွက်၍ ညီလာခံဆုံးဖြတ်ချက်များအဖြစ် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဒီဇင်ဘာလကုန်တွင် သက်တမ်း ပြည့်မြောက်မည့် အင်တာပိုလ် အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ရာထူးနေရာအတွက် ဝင်ရောက်လျှောက်ထားသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ မာရကက်ရှ်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူခရိုင်အားကစားကွင်း၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလအကြို လူထုလှုပ်ရှားမှုဆောင်ရွက်



တောင်ငူ နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အားကစားကွင်း၌ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ ဒေသခံပြည်သူများက ဒီဇင်ဘာအားကစားလ အကြိုလမ်းလျှောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းနှင့် Physical Fitness Dance အားကစားလှုပ်ရှားဆောင်ရွက်မှုများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလအကြို လူထုလှုပ်ရှားမှုဆောင်ရွက်ရာတွင် တောင်ငူမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သူနာပြုသင်တန်းကျောင်း(တောင်ငူ)တို့ ပူးပေါင်း၍ကျောင်းသားကျောင်းသူ ၇၀ က Physical Fitness Dance လှုပ်ရှားဆောင်ရွက်ခြင်း၊ လူကြီး၊ လူရွယ်၊ လူငယ်များက လမ်းလျှောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မကွေးမြို့၌ ဒီဇင်ဘာလူထုအားကစားလအကြို စုပေါင်းလမ်းလျှောက်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ

**မကွေး နိုဝင်ဘာ ၂၉**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုလျက် ဒီဇင်ဘာအားကစားလအကြို လူထုစုပေါင်းလမ်းလျှောက်ပွဲကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယနေ့နံနက် ၅ နာရီတွင် မကွေးမြို့ တိုင်းအားကစားကွင်းရှေ့၌ ကျင်းပသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှအရာရှိကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် တိုင်းအားကစားကွင်းမှစတင်၍ ပြည်တော်သာလမ်း၊ ထိုမှတစ်ဆင့် မြို့ပတ်လမ်းတစ်လျှောက်၊ အဝေရာလမ်းအတိုင်းစုပေါင်းလမ်းလျှောက်၍ တိုင်းအားကစားကွင်းအတွင်း ပြန်လည်ဝင်ရောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)+(၂) နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကိုစုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စုပေါင်းလမ်းလျှောက်သူများအား စားသောက်ဖွယ်ရာမုန့်နှင့် အချိုရည်ဘူးများဝေငှပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံFitness Danceပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခြေခံပညာကျောင်းပေါင်းစုံ Fitness Dance ပြိုင်ပွဲဝင်များစုပေါင်း၍ “လမ်းလျှောက်မယ်” သီချင်းဖြင့် သရုပ်ပြသခြင်းကိုကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများအတွက် ဝတ်စုံစရိတ်အဖြစ် တစ်သင်းလျှင် ကျပ်ခုနစ်သိန်းနှုန်းဖြင့် အသင်း ၁၄ သင်းအတွက် စုစုပေါင်းငွေကျပ် ၉၈ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်းအားကစားသမားများ၏ နောက်ဆုံးအကြိမ် လက်ရည်စမ်းပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပီတန်းအားကစားသမားများ၏ နောက်ဆုံးအကြိမ် လက်ရည်စမ်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ပီတန်းလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ပီတန်းအားကစားနည်းမှ (အမျိုးသား/ အမျိုးသမီး) Shooting၊ Mixed Double နှင့် Mixed Triple အမျိုးအစားအလိုက် အားကစားသမားများ၏ နောက်ဆုံးအကြိမ် လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် Mixed Double မှ အားကစားသမား ထွေးကိုကိုနှင့် ပန်းအိဖြိုးတို့အတွဲနှင့် တစ်ဦးချင်း Shootingပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ခင်ချယ်ရီသက်တို့အား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများရရှိစေရေးနှင့် ပြိုင်ပွဲအတွေ့အကြုံရရှိစေရေးတို့အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း ယခုလက်ရည်စမ်းပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ ယခုရရှိထားသည့် ရမှတ်များထက် ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိရန် အခြေခံနည်းစနစ်များနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ပိုမိုလေ့ကျင့်သွားရန်လိုကြောင်း၊ ပီတန်းအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားရန် တိုက်တွန်းမှာကြားပြီး အုပ်ချုပ်သူ/နည်းပြများနှင့်အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ **ဆီးရီးယားအသင်းမှ**

၂၀၀၆ ခုနှစ်က နောက်ဆုံးယှဉ်ပြိုင်ခွင့်ရခဲ့ပြီး နှစ် ၂၀ အကြာ ၂၀၂၆ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ကာ တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် နီးစပ်နေခြင်းဖြစ်သည်။

ခြေစစ်ပွဲအနေအထားအရ မြန်မာအသင်းသည် အိုမန်၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ နီပေါအသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသော်လည်း နည်းဗျူဟာပိုင်း ကောင်းမွန်မှု၊ ပွဲတစ်ပွဲချင်းအပေါ် ချဉ်းကပ်မှုကောင်းမွန်မှု၊ ကစားသမားများ၏ နိုင်လိုစိတ်ပြင်းပြမှုနှင့် မဆုတ်မနစ်ကြိုးပမ်းမှုများကြောင့် တစ်ပွဲထက်တစ်ပွဲ ပိုကောင်းသည့် ခြေစွမ်းပြသကာ သုံးပွဲဆက်တိုက်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ နီပေါအသင်းကို လေးဂိုးပြတ်၊ အိုမန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရထားခြင်းဖြစ်သည်။ နိုဝင်ဘာ ၂၈ ရက်က ကစားသည့် အိုမန်အသင်းနှင့်ပွဲမှာ မြန်မာအသင်းအတွက်ခြေစစ်ပွဲအောင်မြင်ရေး အရေးပါသည့်ပွဲဖြစ်ခဲ့ပြီး သရေကျ၍ပင် မရသည့်အနေအထားတွင် မြန်မာကစားသမားများ၏ မိနစ် ၉၀ စလုံး နိုင်လိုစိတ်ပြင်းပြမှုက ပွဲရလဒ်ဖြစ်သွားပြီး နှစ်ဂိုး-ဂိုးမရှိဆိုသည့် ရလဒ်ဖြင့် ထိုက်ထိုက်တန်တန် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၇ ကစားသမားများအနေဖြင့် ခြေစစ်ပွဲကာလအတွင်း တစ်ပွဲထက်တစ်ပွဲ အမှားနည်းလာသလို အိုမန်နှင့်ပွဲမှာမူ လုံးဝ အမှားမရှိသည့်အနေအထားမျိုး ပြသနိုင်ခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းအနေဖြင့် အာရှဖလား ခြေစစ်ပွဲအောင်မြင်ရန် မိနစ် ၉၀ သာ ကျန်ရှိတော့သည်။ ဆီးရီးယားအသင်းနှင့် မိနစ် ၉၀ ပြီးလျှင် မျှော်လင့်ချက်ပန်းတိုင်ကို ရောက်ပြီဖြစ်သည်။ သို့သော် မြန်မာကစားသမားများအနေဖြင့် နိုင်လိုစိတ်များပြီး စိုးရိမ်စိတ်မများရန်သာလိုသည်။ အိုမန်အသင်းနှင့်ပွဲကဲ့သို့ အမှားနည်းနည်းနှင့် ကိုယ့်ပုံစံအတိုင်း ကစားနိုင်ရန်သာလိုသည်။ ကျားကုတ်ကျားခဲကစားရန် ခွန်အားအပြည့်ပေးမည့် ပရိသတ်အားကလည်း အိုမန်အသင်းနှင့်ပွဲကဲ့သို့ ပရိသတ်သောင်းဂဏန်းရှိမှာသေချာသည်။ ထို့ကြောင့် ပရိသတ်အား၊ အသင်းသားအားလုံး၏ကြိုးစားအားထုတ်မှုတို့နှင့် သုဝဏ္ဏကွင်းမြက်ခင်းပြင်ပေါ်တွင် ဆော်ဒီအာရေဗျသို့သွားရောက်မည့် အာရှဖလား ယူ-၁၇ ဝင်ခွင့်ကို မြန်မာ ယူ-၁၇ အသင်း ရယူနိုင်မည်ဟု စိတ်ချယုံကြည်မိပါသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အလုပ်အမှုဆောင်အစည်းအဝေး (၂/ ၂၀၂၅) ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင် အစည်းအဝေး(၂/၂၀၂၅)ကို နိုဝင်ဘာ၂၇ ရက်တွင် Novotel Yangon Max ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါက်တာထက်ခိုင်ဝင်း(အောက်မြန်မာပြည် ကိုယ်စားပြု)၊ ဦးကျော်စွာထွန်း (အထက်မြန်မာပြည် ကိုယ်စားပြု)၊ ဦးလအောင် (အထက်မြန်မာပြည် ကိုယ်စားပြု)၊ ဦးစောငြိမ်း (အထက်မြန်မာပြည် ကိုယ်စားပြု)၊ ဦးဝင်းကိုကို (အောက်မြန်မာပြည် ကိုယ်စားပြု)၊ ဦးကျော်ဦး (မြန်မာနေရှင်နယ်လိဂ်-၁ ကိုယ်စားပြု)၊ ဦးဇော်မင်းသိန်း (မြန်မာနေရှင်နယ်လိဂ်- ၁ ကိုယ်စားပြု)၊ ဦးလှကျော်ဝင်း (မြန်မာနေရှင်နယ်လိဂ်-၁ ကိုယ်စားပြု)၊ ဦးထောင်ထာထန်း(မြန်မာနေရှင်နယ်လိဂ် -၂ ကိုယ်စားပြု)၊ ဦးစိုးမြတ်မင်း (နည်းပြကိုယ်စားပြု)၊ ဒေါ်သိန်းသိန်းအေး(အမျိုးသမီးဘောလုံး ကိုယ်စားပြု )၊ ဦးဇော်မင်းစိန် (MFF ဥပဒေအကြံပေး)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် MFF တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းတို့ တက်ရောက်ဆွေးနွေးကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော အလုပ်အမှုဆောင်စာရင်းကိုအတည်ပြုခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၅) မှတ်တမ်းကို အတည်ပြုသည်။ ယင်းနောက် MFF အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့်အသင်းများ လေ့ကျင့်ပြင်ဆင်မှု၊ အခြေခံအဆောက်အအုံများနှင့်ပတ်သက်သည့် အခြေအနေ၊ သက်တမ်းအလိုက် လူငယ်ပြိုင်ပွဲများ၊ ဖူဆယ်ပြိုင်ပွဲများ စနစ်တကျကျင်းပနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထွေထွေ ဆွေးနွေးမှုများ ပြုလုပ်ရာတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့်ကျောင်းပြိုင်ပွဲများ၊ လူငယ်ပြိုင်ပွဲများ ပူးပေါင်းဆောင်ရွက်ရေး၊ Football For Schools အစီအစဉ် ပူးပေါင်းအကောင်အထည်ဖော်ရေး၊ မျိုးဆက်သစ်များအား စနစ်တကျပြုစုပျိုးထောင်ရေးနှင့် Scouting ပိုမို အားထည့်ဆောင်ရွက်ရေးစသည့် လူငယ်ဘောလုံး စီမံကိန်းဆိုင်ရာများကို ဦးဆောင်ဆွေးနွေးခဲ့သည်။ **သတင်း-ချစ်ကိုကို**

**ဓာတ်ပုံ-MFF**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဆွမ်း/ဆွမ်းဟင်းများနှင့် သီလရှင်ဆရာကြီး/ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူ

မုံရွာ နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး ကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ခြောက်တိုက်မှ ဆရာတော် သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင် ကျောင်းတိုက် ခုနစ်ကျောင်းမှ သီလရှင်ဆရာကြီး/ ဆရာလေးများအား ဆွမ်းဆန်စိမ်းများ လောင်းလှူပွဲ ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်း၌ ကျင်းပသည်။



## တက်ရောက်

ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ လောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရား သူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နှင့် မိသားစုဝင်များ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်း ရှင်များ၊ ကိုယ်ပိုင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ် ပစ္စည်းဆိုင်များ၊ ကုန်မာဆိုင်များနှင့် စက်သုံးဆီဆိုင် များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာ တော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများ နှင့် ဝတ္ထုငွေများကို လောင်းလှူကြပြီး သီလရှင်ဆရာ ကြီး/ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီ နှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လောင်းလှူကြ သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်ရေးအတွက် မုံရွာမြို့ပတ်လမ်းမှ ဘိုးဘွားရိပ်သာအဝိုင်းလမ်းဆုံအထိ ရထားသံလမ်း တစ်လျှောက်တွင် မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်း များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရပ်ကွက်နေ ပြည်သူ များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေ မှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ နှင့် ရပ်ကွက်နေပြည်သူများအား တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ဆီကုန်သည်ကြီးများ အသင်းမှ စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျိုက်မရော မြို့နယ်၌ (၇၆)ကြိမ်မြောက် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ကျင်းပ

ကျိုက်မရော နိုဝင်ဘာ ၂၉

ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာ တရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ကျိုက်မရောမြို့ ဇေတဝန်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ စာမေးပွဲဖြေဆိုရာဌာနသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် ဇဟို ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း (YMBA )ဒုတိယဥက္ကဋ္ဌ ဦးကြည်သိန်းတို့က စာမေးပွဲဖြေဆို နေကြသည့် ပထမအဆင့် အငယ်တန်းနှင့် အလတ်တန်း ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးပြီး အချိုရည်ဘူးနှင့် မုန့်များ လှူဒါန်းသည်။

(၇၆)ကြိမ်မြောက် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ကို မြို့နယ်အတွင်းရှိ စာဖြေဌာန ၁၀ ခု၌ တစ်ပြိုင်တည်းကျင်းပပြီး ပထမအဆင့်အငယ်တန်း၌ ကျောင်းသား ကျောင်းသူ ၁၀၅ ဦး၊ အလတ် တန်းအဆင့်၌ ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

စဉ့်ကိုင် နိုဝင်ဘာ ၂၉

မန္တလေး တိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းတွင် The Center For Spiritual Progress To Great Awakening (SPGA) Hong Kong ၏ ဦးဆောင်မှုဖြင့် ဟောင်ကောင် မှ အလှူရှင်များက ဆောက်လုပ် လှူဒါန်းသော အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ ဟောင်ကောင် မေတ္တာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။



ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားတွင် The Center For Spiritual Progress To Great Awakening (SPGA) Hong Kong မှ အလှူရှင်များဖြစ်ကြ သည့် ထေရဝါဒတက္ကသိုလ်မှ ပါမောက္ခဒေါက်တာ အရှင်စန္ဒမုခ၊ ဒေါ်ဓမ္မဒီပ (Hong Kong)၊ မြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်ဦး၊ ဒုတိယမြို့နယ် ပညာရေးမှူး ဒေါ်အေးဇာခြည်ဆင့်၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝတ်ရည်အေး၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်ခိုင်ဦးတို့က ဟောင်ကောင် မေတ္တာ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ The Center For Spiritual Progress To Great Awakening (SPGA) Hong Kong မှ အလှူရှင်များ၊ မြို့နယ်ပညာရေး မှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများက ကျောင်း ဆောင်သစ်အား အမွှေးနံ့သာရည် များ ပက်ဖျန်းကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့် ဦးက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား The Center For Spiritual Progress To Great Awakening (SPGA) Hong Kong မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့၌ ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော



ဂန့်ဂေါ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ (စည်ပင်)ကျောင်းတွင် ကျောင်း အခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းဟောပြော

ထိုသို့ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြော ပွဲတွင် ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်က စာသင်ကျောင်း အခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်များကို ရှင်းလင်းဟောပြောပြီး ဦးစီးအရာရှိ ဦးဇော်ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူး အသုံးပြုနည်းများ ကို လက်တွေ့သင်ကြားပြသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင် များ၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(စည်ပင်)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်နှင်းနှင်းယုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း**



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း၊ စက်သုံးဆီဆိုင်များနှင့် လူနေအိမ်များ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လိုက်လံစစ်ဆေးခြင်းများကို နိုဝင်ဘာ ၂၇ ရက်က ဆောင်ရွက်စဉ်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ စိုက်ပျိုးရေးဆေးဆိုင် များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၇ ရက်က မင်းလှမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးယဉ်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များအတွင်း မီးဘေးကြိုတင်ကာကွယ် ရေးပစ္စည်းများ လုံလောက်စွာထားရှိရန်နှင့် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာရန် စစ်ဆေး အကြံပြုစဉ်။

ကောင်းစစ်နိုင်





## သထုံမြို့နယ်အတွင်း မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးခြင်းအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

သထုံ နိုဝင်ဘာ ၂၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် မဲစာရင်းများမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်းလိုက်လံစစ်ဆေးနေမှုများကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက လိုက်လံကွင်းဆင်းကြည့်ရှုကြသည်။

ကွင်းဆင်းကြည့်ရှုရာတွင် တပ်နယ်မှူး ဗိုလ်မှူးကြီး စိုးလင်းထွန်း၊ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိပ်အင်းရပ်ကွက် စိတ္တာသုခလမ်းရှိ အိမ်ထောင်စု ၄၇၅ ခုတို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးဦးဆောင်သည့် ပူးပေါင်းအဖွဲ့တို့၏ တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးနေမှုတို့ကို ကြည့်ရှုကာ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စစ်တွေမြို့၌ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

ရခိုင်ပြည်နယ် စစ်တွေမြို့၌ မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် မဲစာရင်းတွင် ပါသင့်သူများ မကျန်ရှိစေရေး၊ အသက် ၁၈ နှစ်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ မဲပေးပိုင်ခွင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ရပ်ကွက်/လမ်းများအလိုက် နေအိမ်များသို့ မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။



အဆိုပါ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်တာဝန်ခံ ဌာနဆိုင်ရာများ၏ မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင် စစ်ဆေးခြင်းနှင့် ပတ်သက်၍ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပုဇွန်တောင်မြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူ

ရန်ကုန် နိုဝင်ဘာ ၂၉

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိ မဲစာရင်း ပါ၊ မပါ သိရှိနိုင်ရန်အတွက် ယမန်နေ့နံနက်ပိုင်းက ပုဇွန်တောင် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။



ပုဇွန်တောင်မြို့နယ် အတွင်းရှိ ရပ်ကွက် ၁၀ ရပ်ကွက်တွင် တစ်အိမ်တက်ဆင်း ကွင်းဆင်း စစ်ဆေးခြင်းကို မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး စာရေးဝန်ထမ်းများက အဖွဲ့များခွဲ၍ အိမ်တိုင်ရာရောက် မဲဆန္ဒရှင်စာရင်းပါ အချက်အလက်များပြည့်စုံမှန်ကန်စေရေး၊ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဗိုလ်တထောင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟန်စုယဉ်



## ကျိုက်ထိုမြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများ လိုက်လံကြည့်ရှု

ကျိုက်ထို နိုဝင်ဘာ ၂၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းကျန်ရှိမှုမရှိစေရေး၊ မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၇ ရက်တွင် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြသည်။

ထိုသို့လိုက်လံကြည့်ရှုရာတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များသည် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ရပ်ကွက်အလိုက်ကြီးကြပ်တာဝန်ခံ ဌာနဆိုင်ရာများက အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း နေထိုင်ခြင်းရှိ/မရှိ စာရင်းပြုစုခြင်း၊ သေဆုံးခြင်းစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင်နေထိုင်မှု မရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုစုခြင်းလုပ်ငန်းများနှင့် ပတ်သက်၍တင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပုသိမ်မြို့နယ်၌ မဲစာရင်းမှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်းစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်ခြင်းကို ရပ်ကွက်နှင့်ကျေးရွာအသီးသီး၌ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူများမဲစာရင်းကျန်ရှိမှုမရှိစေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးကောက်ယူရေးအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစစ်ဆေးမှုအခြေအနေကို ခရိုင်မြေပြင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးရည်မွန်နှင့် မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ မဲပေးပိုင်ခွင့်ရှိသူများမကျန်ရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## မြောင်းမြမြို့နယ်၌ မဲစာရင်းမှန်ကန်မှုရှိစေရေး ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မြောင်းမြ နိုဝင်ဘာ ၂၉

ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မဲစာရင်းမှန်ကန်မှုရှိစေရေး Working Group အဖွဲ့မှ တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းတွင်ပါဝင်မှုရှိ/မရှိ စိစစ်ဆောင်ရွက်မှုကို ကံကြီးကျေးရွာ၌ ယနေ့နံနက် ၁၁ နာရီတွင် ကွင်းဆင်းကြည့်ရှုသည်။

### ကွင်းဆင်းကြီးကြပ်

အဆိုပါဆောင်ရွက်နေမှုကို မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြပြီး မဲစာရင်းတွင်ပါဝင်စေရေးဆောင်ရွက်ရန်နှင့် ခရီးလွန်နှင့်သေဆုံးသူများအား သက်ဆိုင်ရာပုံစံများနှင့်အတူ ပယ်ဖျက်ဆောင်ရွက်ရန် စသည့် ဆောင်ရွက်ရမည့်အချက်အလက်များကို ကွင်းဆင်းကြီးကြပ် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေး ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေး လုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်းကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသား ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ခ) လတ်တလော မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့်အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၉) မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၁) မျက်နှာထက်မနည်း၊ (၁၂) မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅)မျက်နှာထက်မနည်း၊ (၆)မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ ခ၊ ဂ၊ ဃ)ပါ အကြောင်းအရာများအပေါ် အခြေခံ၍ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင်ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1) သို့ လိပ်မူ၍ Soft Copy (၁)ချပ်၊ Hard Copy (၁)စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး **၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တပါတည်းပူးတွဲပေးပို့ကြရန် ဖြစ်ပါသည်။**

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်(၈)သိန်း၊ တတိယဆု ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆု ကျပ်(၅)သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထားမပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊ ၀၉-၉၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သတင်းစဉ်**

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်သို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**









ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် လပွတ္တာမြို့နယ်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် လပွတ္တာမြို့နယ်ထွန်းတံတားဆိပ်ခံ၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၆၈ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၆၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ် လူနာ ၃၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

ဦးဇင်းက လပွတ္တာမြို့နယ် အမှတ်(၇)ရပ်ကွက် သရက်တောပရိယတ္တိ စာသင်တိုက်ကနေ လာပြတာ ဖြစ်ပါတယ်။ ဦးဇင်းလာပြတာက မျက်စိကြည့်လို့မကောင်းဘူး။ စာဖတ်လို့ အဆင်မပြေဘူး။ ဒါကြောင့် မျက်စိနဲ့ပတ်သက်ပြီး လာပြတာဖြစ်ပါတယ်။ ဆရာဝန်ကလည်း သေသေချာချာလေး စစ်ဆေးပြီးတော့ လိုအပ်တာလေး တွေလည်း ညွှန်ကြားပေးပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။ မြို့သူမြို့သားတွေ အနေနဲ့ကတော့ ဝမ်းပန်းတသာနဲ့ လာရောက်ကြတဲ့သူတွေ အများကြီးပဲ။ အများပြည်သူတွေကို လာရောက်ကြည့်ရှုပြီးတော့ ကုသပေးတဲ့အတွက် ဆရာဝန်၊ ဆရာမတွေနဲ့တကွ ဌာနဆိုင်ရာ သက်ဆိုင်သူအားလုံး ကျန်းမာချမ်းကြပြီး ဒီထက်မကလည်း ပညာတွေ တိုးပွားကာ တိုင်းပြည်တာဝန်တွေ ထမ်းဆောင် နိုင်ကြပါစေလို့ ဦးဇင်းက ဆုမွန်တောင်းပါတယ်။

လပွတ္တာမြို့ သုံးမိုင်မြို့နယ်(၃) ရပ်ကွက်ကနေ လာရောက်ဆေးကုသမှုခံယူတာ ဖြစ်ပါတယ်။ ညာဘက်မျက်စိက ရေတိမ်ဖြစ်နေတယ်လို့ သိရပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော် တပ်မတော်နယ်လှည့်ဆေးကုသမှုအဖွဲ့လာလို့ လာပြတာပါ။ ဝမ်းလည်း ဝမ်းသာပါတယ်။ ခုလိုမျိုးလာပြီးတော့ ဂရုတစိုက်နဲ့ လာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့ လပွတ္တာမြို့သူမြို့သားများကိုယ်စား ကျွန်တော်က ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

# အဲဘတ်စ်ကုမ္ပဏီက လေယာဉ်ဆော့ဖ်ဝဲအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်မှုကြောင့် လေကြောင်းခရီးစဉ်အများအပြား နှောင့်နှေးကြန့်ကြာလျက်ရှိ



**လန်ဒန် နိုဝင်ဘာ ၂၈**

ဥရောပလေကြောင်းကုမ္ပဏီကြီး အဲဘတ်စ်က လက်ရှိပြေးဆွဲနေသော ၎င်း၏ A320 Family ခရီးသည်တင် အမျိုးအစားလေယာဉ်များကို ဆော့ဖ်ဝဲအဆင့်မြှင့်တင်ခြင်းများ ချက်ချင်းဆောင်ရွက်ရသည့်အတွက် ကမ္ဘာတစ်ဝန်းရှိ လေကြောင်းခရီးစဉ်အများအပြား နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း သိရသည်။

ပြင်းထန်သော နေရောင်ခြည် ရောင်စဉ်ဖြာထွက်ခြင်းဖြစ်စဉ်သည် လေယာဉ်များ၏အရေးကြီးသော ထိန်းချုပ်မှုစနစ်ကို ထိခိုက်စေကြောင်း အဲဘတ်စ်ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့သည့် လေယာဉ်အမျိုးအစားများမှာ အဲဘတ်စ် A319၊ A320 နှင့် A321 တို့ဖြစ်သည်။

အဲဘတ်စ်ကုမ္ပဏီက လက်ရှိဖြစ်ပေါ်နေသော အဆင်မပြေမှုအတွက် ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းများကို တောင်းပန်ခဲ့သည်။

ပြီးခဲ့သည့်လနှောင်းပိုင်းက အမေရိကန် လေကြောင်းလိုင်းတစ်ခုမှ အဲဘတ်စ်လေယာဉ်တစ်စင်း အမြင့်မှ ရုတ်တရက် နိမ့်ဆင်းသွားခဲ့ရာ ခရီးသည်အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ပြင်းထန်သော နေရောင်ခြည်ရောင်စဉ်ဖြာထွက်မှု ဖြစ်စဉ်ကို စတင်သတိထားမိခဲ့ခြင်းဖြစ်ကြောင်း အနောက်နိုင်ငံမီဒီယာများက သတင်းဖော်ပြသည်။

A320 Family လေယာဉ်ကို အသုံးပြုပြေးဆွဲသည့် လေကြောင်းလိုင်းများအနက် ဂျပန်နီပွန် လေကြောင်း လိုင်းလည်း ပါဝင်သည်။

ဆော့ဖ်ဝဲအဆင့်မြှင့်တင်မှုသည် လေယာဉ်တစ်စင်းလျှင် လေးနာရီခန့်ကြာမြင့်ပြီး ၎င်း၏ အဲဘတ်စ်ဂျက်လေယာဉ် ၃၄ စင်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဂျပန်နီပွန်လေကြောင်းလိုင်းက ပြောကြားသည်။

နိုဝင်ဘာ ၂၉ ရက်တွင် နီပွန်လေကြောင်းလိုင်းမှ ခရီးစဉ် ၉၅ ခုကို ဖျက်သိမ်းခဲ့ပြီး ခရီးသည် ၁၃၂၀၀ ခန့် ခရီးသွားလာမှု နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ဆော့ဖ်ဝဲအဆင့်မြှင့်တင်မှုသည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အပြီးသတ်ရန် မျှော်လင့်ထားသော်လည်း ပြည်တွင်းလေကြောင်းခရီးစဉ် ခြောက်ခုကို ထိခိုက်စေမည်ဖြစ်ကြောင်း နီပွန်လေကြောင်းလိုင်းက ဆက်လက်ပြောကြားခဲ့သည်။

နောက်ဆုံးရသတင်းများကိုအချိန်နှင့်တစ်ပြေးညီ စစ်ဆေးရန် လေယာဉ်ခရီးသည်များအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေး၏ စစ်ဆင်ရေးဆင်နွှဲမှုများကို ရပ်တန့်ရန် ပါလက်စတိုင်းက အမေရိကန်ကို တောင်းဆို

**ဂျေရုဆလင် နိုဝင်ဘာ ၂၉**

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်တစ်လျှောက် စစ်ဆင်ရေးဆင်နွှဲမှုများကို ရပ်တန့်ရန် အစ္စရေးကို ဖိအားပေးစေလိုကြောင်း ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူက အမေရိကန်အစိုးရကို ယနေ့ တောင်းဆိုခဲ့သည်။ အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်၌ အစ္စရေး၏ ဆက်လက်လုပ်ဆောင်နေသည့် စစ်ဆင်ရေးဆင်နွှဲမှုများက လက်ခံနိုင်စရာမရှိသလို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံခြုံမှုပေးနိုင်မှာ မဟုတ်ကြောင်း ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူ နာဘေးလ် အာဘူရူဒီနာရှ်က ပြောကြားခဲ့သည်။ ထို့ပြင် ထိုသို့သောလုပ်ရပ်များသည် ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုများကို ထိခိုက်စေပြီး ဒေသတွင်း တည်ငြိမ်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များစတင်ရန် အခွင့်အလမ်းဆုံးရှုံးသွားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပါလက်စတိုင်းပြည်သူများအပေါ် တိုက်ခိုက်မှုများ အဆုံးသတ်ရန်နှင့် အခြေချနေထိုင်သူများအား အကြမ်းဖက်မှုကို ရပ်တန့်ရန်အတွက် အစ္စရေးအား ဖိအားပေးရန် အမေရိကန်အား ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူ နာဘေးလ် အာဘူရူဒီနာရှ်က ထပ်မံတောင်းဆိုခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်ပြည်ထောင်စုရှိ အိမ်ဖြူတော်အနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား



**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန် ပြည်ထောင်စု အိမ်ဖြူတော်အနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖမ်းဆီးခံ သံသယရှိသူမှာ အသက် ၂၉ နှစ်အရွယ် အာဖဂန်နိုင်ငံသားဖြစ်ကြောင်း အမေရိကန်စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ သံသယရှိသူသည် အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့အား ကူညီပေးသူများကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပေးသည့် အစီအစဉ်တစ်ခုအရ အမေရိကန်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း FBI ဒါရိုက်တာနှင့် ကိုလံဘီယာခရိုင်မှ အမေရိကန် ရှေ့နေတို့က သတင်းထောက်များအား ပြောကြားခဲ့သည်။

အာဖဂန် အမျိုးသားသည် ၎င်း၏ဇနီးနှင့် သားသမီးများနှင့်အတူ အနောက်ပိုင်း ဝါရှင်တန်ပြည်နယ်၌ နေထိုင်လျက်ရှိပြီး ဝါရှင်တန်မြို့တော်သို့ ကားမောင်းလာခဲ့ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းသည် အာဖဂန်နစ္စတန်ရှိ ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် အတူတကွ အလုပ်လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက အဆိုပါ အမျိုးသား၏ နေအိမ်ကိုရှာဖွေပြီး ၎င်း၏ရည်ရွယ်ချက်ကို သိရှိရန် သူနှင့် ဆက်စပ်သူများကို စုံစမ်းမေးမြန်းမည်ဖြစ်ကြောင်း သိရသည်။

သေနတ် ပစ်ခတ်ခံရသည့် အစောင့် တပ်ဖွဲ့ဝင်နှစ်ဦးမှာ အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်သည်။ သေဆုံးသူမှာ အမျိုးသမီး ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့ ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးအား ဝါရှင်တန်ဒီစီသို့လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သမ္မတ ထရမ့်က အမိန့်ပေးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဟောင်ကောင်ရှိ အထပ်မြင့် လူနေအဆောက်အအုံ မီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသူ ၁၂၈ ဦးရှိ



**ဟောင်ကောင် နိုဝင်ဘာ ၂၉**

ဟောင်ကောင်ရှိ အထပ်မြင့် လူနေအဆောက်အအုံမီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသူ ၁၂၈ ဦးရှိပြီး ၂၀၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း မီးသတ်အာဏာပိုင်များက အတည်ပြုခဲ့သည်။

မြောက်ပိုင်း တိုင်ပိုခရိုင်ရှိ အဆိုပါ အထပ်မြင့်အဆောက်အအုံတွင် အခန်း ၃၀ ပါရှိသည့် အဆောက်အအုံ ရှစ်လုံးရှိသည့်အနက် ခုနစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးသတ်သမားများက အစွမ်းကုန်ကြိုးစားကာ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အာဏာပိုင်များက မီးဘေးသင့်ပြည်သူများအား လိုအပ်သည်များ ထောက်ပံ့ပေးလျက်ရှိသည်။

မီးစတင် လောင်ရသည့် အကြောင်းရင်းကို အတိအကျ မသိရသေးသော်လည်း အကြီးစား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝါးငြမ်းများမှစတင်ပြီး မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပိုက်ကွန်များသည် မီးဘေးလုံခြုံရေးစံနှုန်းများနှင့် မကိုက်ညီကြောင်း မီးသတ်အာဏာပိုင်များက ပြောသည်။

ထို့ပြင် အဆောက်အအုံများပေါ်တွင် အသုံးပြုသည့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများက မီးလောင်ကျွမ်းမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဆောက်လုပ်ရေးကုမ္ပဏီမှတာဝန်ရှိသူသုံးဦးကိုရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဟန္နိုင်းမြို့တော်က ပြည်တွင်းပြည်ပ ခရီးသည်ပေါင်း ၃၀ ဒသမ ၉၄ သန်းကို ကြိုဆို

**ဟန္နိုင်း နိုဝင်ဘာ ၂၉**

ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းက ယခုနှစ် ပထမ ၁၁ လအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်ပေါင်း ၃၀ ဒသမ ၉၄ သန်းကို ကြိုဆိုခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်တွင် သတ်မှတ်ထားသောစံချိန်ကို ကျော်လွန်ခဲ့ကြောင်းနှင့် နှစ်စဉ် ရည်မှန်းချက်၏ ၉၉ ဒသမ ၈ ရာခိုင်နှုန်းကို ရရှိကြောင်း ပြည်တွင်းမီဒီယာ ဗီအင်န်အိတ်စပရက်စ်က ယနေ့ သတင်းဖော်ပြခဲ့သည်။

နိုဝင်ဘာတစ်လတည်းတွင် နိုင်ငံတကာခရီးသွား ၈၅၁၀၀၀ ကျော်နှင့် ပြည်တွင်းခရီးသည် ၁ ဒသမ ၆၅ သန်းအပါအဝင် ခရီးသည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်းခန့် ဝင်ရောက်ခဲ့ကြောင်း မြို့တော်ခရီးသွားလာရေးဌာနက မှတ်တမ်းတင်ခဲ့သည်။

ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝင်ငွေရရှိမှုသည် ဗီယက်နမ်ဒေါင် ၁၂၀ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်) ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၁ ရာခိုင်နှုန်းတိုးလာကာ ၂၀၂၅ ခုနှစ်အတွက် မြို့တော်၏ ရည်မှန်းချက်ကို ပြည့်မီနိုင်မည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# KK Park နယ်မြေအတွင်း တရားမဝင်အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်နေကြသူများအား အဖွဲ့စုံပါဝင်သည့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်အဆောက်အအုံများ အတွင်းဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြဝတီ–မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၂ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၇၀ ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိလူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများနှင့် ဟိုတယ်များဖြစ်သော နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး၊ ငါးထပ်အဆောက်အအုံ ၁၅ လုံး၊ ခြောက်ထပ် အဆောက်အအုံ သုံးလုံး၊ ခုနစ်ထပ်အဆောက်အအုံ လေးလုံး၊ ရှစ်ထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လက်ကိုင်ဖုန်းနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၃၅ လုံးကို တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံ ၃၅ လုံး၊ ခုနစ်ထပ်အဆောက်အအုံ တစ်လုံး၊ ၁၃ ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း ၃၇ လုံးကို ချိပ်ပိတ်နိုင်ခဲ့ရာ စုစုပေါင်း ၁၀၁ လုံးအထိ ချိပ်ပိတ်သိမ်းဆည်းပြီး ဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀၊ star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျဖျက်ဆီး ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင် ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၁၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၈၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်အဆောက်အအုံများ ချိပ်ပိတ်သိမ်းမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိသည့် ရှစ်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။





KK Park နယ်မြေအပိုင်း (၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။



KK Park နယ်မြေအပိုင်း (၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်တိုက် ဆေးရုံ အဆောက်အအုံ မဖြိုဖျက်မီ (ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (အောက်ပုံ) ကို တွေ့ရစဉ်။

KK Park နယ်မြေအပိုင်း (၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် အဆောက်အအုံ မဖြိုဖျက်မီ (ယာပုံ)နှင့် ဖြိုဖျက်ပြီး (အောက်ပုံ) ကို တွေ့ရစဉ်။







# ဝါသနာနှင့် စိတ်ဝင်စားမှုကိုအခြေခံကာ သင်ယူမှုကို မြှင့်တင်ပါ

ခင်ရတနာ

ယနေ့အချိန်က ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေတဲ့ မိမိတို့နိုင်ငံအတွက် တိုင်းရင်းသားပြည်သူအားလုံး အရာရာကို စဉ်းစားတွေးခေါ် ဉာဏ်နှင့်ယှဉ်ကာ အမှား၊ အမှန်ကို ခွဲခြားသိပြီး နိုင်ငံနဲ့လူမျိုးအကျိုးကို စနစ်တကျသယ်ပိုးဆောင်ရွက်ကြဖို့ အလိုအပ်ဆုံးအချိန် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူတစ်ဦးချင်းရဲ့ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နဲ့ ဗဟုသုတပြည့်ဝဖို့ လိုအပ်နေချိန်ဖြစ်ပြီး အဲဒီလိုအပ်ချက်အတွက် နိုင်ငံတော်က အမျိုးသားပညာရေးကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းပေးနေပါတယ်။

ပညာရေးကို စနစ်တကျသင်ယူလေ့လာခြင်းကနေ စဉ်းစား၊ ဆင်ခြင်၊ သုံးသပ်နိုင်စွမ်းနဲ့ ပြဿနာတစ်ရပ်ကို ရှုထောင့်ပေါင်းစုံကနေ ကြည့်ရှုဖြေရှင်းနိုင်စွမ်းတိုးတက်လာဖို့ လိုအပ်သလို ထိုမှတစ်ဆင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့နယ်ပယ်အားလုံးမှာ အထောက်အကူပြုစေမယ့် ပင်ကိုအရည်အချင်းပြည့် လူသားရင်းမြစ်တွေ ပေါ်ထွက်လာစေမှာဖြစ်ပါတယ်။

ပညာရပ်တစ်ခုကို ကျွမ်းကျင်ပိုင်နိုင်တဲ့ လူသားရင်းမြစ်တွေ ဖြစ်ပေါ်လာဖို့အတွက် အဆင့်ဆင့်သော လေ့လာသင်ယူမှုတွေကို မလွဲမသွေဖြတ်သန်းကြရပါတယ်။ ဘယ်ပညာရပ်မဆို စတင်လေ့လာမယ်လို့ စိတ်ပိုင်းဖြတ်ပြီးတာနဲ့ သင်ကြားမှုအဆင့်တွေကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားကြရပါတယ်။ သင်ယူမှုအဆင့်တွေကို ပိုင်းခြားကြည့်တဲ့အခါ Unconscious Incompetence လို့ခေါ်တဲ့ မသိသေး၊ မတတ်သေးတဲ့အဆင့်၊ Conscious Incompetence လို့ခေါ်တဲ့ သိလာပြီ၊ မတတ်သေးတဲ့အဆင့်၊ Conscious Competence လို့ခေါ်တဲ့ သိလာ၊ တတ်လာပေမယ့် မကျွမ်းကျင်သေးတဲ့အဆင့်နဲ့ Unconscious Competence လို့ခေါ်တဲ့ ကျွမ်းကျင်မှုအပြည့်နဲ့ အကောင်းဆုံးဖြေရှင်း ဆောင်ရွက်နိုင်တဲ့ ပရော်ဖက်ရှင်နယ်အဆင့်ဆိုပြီး အဆင့်လေးဆင့်ကို ဖြတ်ကျော်ကြရပါတယ်။

### မသိသေး၊ မတတ်သေးတဲ့အဆင့်

ဘယ်ကစလို့စရမှန်းမသိ၊ မိမိဝါသနာ၊ အားနည်းချက်နဲ့ အားသာချက်၊ လုပ်ငန်းအတွေ့အကြုံ ဘာဆိုဘာမှ မရှိသေးတဲ့အဆင့်ဖြစ်ပါတယ်။ အနည်းဆုံးတော့ အခြေခံပညာအလယ်တန်းအဆင့်ပြီးသူနဲ့အထက် မည်သူမဆို ဒီအချက်ကို ထည့်သွင်းစဉ်းစားသင့်နေပြီလို့ ပညာရေးသုတေသီတွေက ဆိုပါတယ်။ ဒါမှသာ ရှေ့ဆက်ရမယ့် ဘဝခရီးမှာ ဘယ်အသက်မွေးဝမ်းကျောင်းကို စိတ်ဝင်စားသလဲ၊ ဘယ်အကြောင်းအရာကို ထပ်ပြီး နက်နက်နဲနဲ သိချင်လာသလဲဆိုတာတွေနဲ့ ပိုင်းဖြတ်ပြီး မိမိဝါသနာ၊ မိမိအသက်မွေးဝမ်းကျောင်းအတွက် ရွေးချယ်သင့်တဲ့ ဘဝခရီးကို မှန်မှန်ကန်ကန် ဆက်လက်လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

### သိလာပြီ မတတ်သေးတဲ့အဆင့်

မိမိရဲ့ဝါသနာ၊ မိမိစိတ်ဝင်စားမှုကို သိရှိလာတဲ့အခါ ဒီအကြောင်းအရာတွေကို ဘယ်လိုလေ့လာကြမလဲ၊ ဘယ်လိုသင်ယူမှုလမ်းကြောင်းကို လိုက်ပါကြမလဲ၊ ဒီအတွက် အခွင့်အလမ်းတွေက ဘာတွေလဲဆိုတာကို ချမှတ်တဲ့အဆင့်ကို သိလာပြီ၊ မတတ်သေးတဲ့အဆင့်လို့ သတ်မှတ်ကြပါတယ်။ ဒီအဆင့်ဟာ သိပ်ကိုအရေးကြီးပြီး လူသားတိုင်းဟာ မိမိဝါသနာ၊ မိမိဖြစ်တည်မှုကို ပိုင်နိုင်စွာဆုံးဖြတ်နိုင်မှသာ ဘဝအတွက် မှန်ကန်တဲ့လမ်းကြောင်းမှန်ကို ရွေးချယ်ကြရတာမို့ မိဘရဲ့အကူအညီ၊ ဆရာသမားတွေနဲ့ တတ်သိ နားလည်သူတွေရဲ့ အကူအညီကို များစွာလိုအပ်ပါတယ်။ ဒီအပြင် မိမိလျှောက်လှမ်းမယ့် အတတ်ပညာလမ်းကြောင်းရဲ့ စိန်ခေါ်မှုတွေ၊ ဖြတ်သန်းရမယ့် အချိန်ကာလ၊ သင်ယူမှု အခက်အခဲတွေနဲ့ ရရှိလာမယ့်အနာဂတ်တွေကိုလည်း ဒီအဆင့်မှာတစ်ခါတည်း မြင်တွေ့နိုင်အောင် ကြိုးစားပြီး မိမိလမ်းကြောင်းအပေါ် စတင်လေ့လာဖို့ ခရီးစတင်ကြမယ့်အချိန် ဖြစ်ပါတယ်။

### သိလာတတ်လာပေမယ့် မကျွမ်းကျင်သေးတဲ့အဆင့်

ဒီအဆင့်ဟာ အရေးအကြီးဆုံးဖြစ်သလို လူတစ်ဦးချင်းစီရဲ့ ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ ပေါင်းစပ်ပြီး စနစ်တကျအကောင်းဆုံး လေ့လာသင်ယူကြရမယ့် အချိန်ပါ။ မိမိရွေးချယ်တဲ့ ပညာရပ်ကို အခြေခံကနေ အဆင့်မြင့်အထိ အဆင့်ဆင့်ကြိုးစားအားထုတ်ခြင်း၊ အကဲဖြတ်ခြင်းနဲ့ မှတ်ကျောက်တင်ခြင်းတွေကို ဒီအဆင့်မှာ ပြုလုပ်ကြရပါတယ်။ ပန်းတိုင်အထိ မရောက်နိုင်သေးဘူးဆိုရင်တောင် မိမိသိလိုတဲ့ ပညာရပ်တွေကို အတော်လေးကျွမ်းကျင်ပိုင်နိုင်စွာ သိရှိလာသလို မိမိကိုယ်မိမိ ယုံကြည်မှုရှိရှိနဲ့ တိုးတက်အောင် ဆက်လက်ဆောင်ရွက်ဖို့ကိုပါ အသင့်ဖြစ်နေတဲ့အခြေအနေကို ရောက်ရှိလာတဲ့အထိ ကြိုးစားသင်ယူကြရပါတယ်။

သင်ယူမှုအပြင် အထပ်ထပ်သော လေ့ကျင့်မှုတွေ၊ ဖြည့်ဆည်းမှုတွေနဲ့ Skills တွေ မြင့်မား တိုးတက်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အများစုသော လူတွေက ဒီအဆင့်မှာတင် ရပ်တန့်သွားကြပြီး နောက်တစ်ဆင့်ကို တက်လှမ်းဖို့အတွက် မကြိုးစားကြတော့တာကို မြင်တွေ့ရတယ်လို့လည်း ပညာရေးသုတေသီတွေက ဆိုပါတယ်။

### ပရော်ဖက်ရှင်နယ်အဆင့်

မိမိသင်ယူတတ်မြောက်ထားတဲ့ ပညာရပ်မှာ စနစ်တကျနဲ့ နည်းမှန်လမ်းမှန် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ကြတဲ့ လူသားတွေအဖြစ် ရောက်ရှိသွားကြတဲ့ အဆင့်ဖြစ်ပါတယ်။ ကျွမ်းကျင်မှုကြောင့် လုပ်ငန်းလုပ်ကိုင်ရာမှာ လွယ်ကူမြန်ဆန်တိကျမှုရှိလာသလို Professional ကျွမ်းကျင်သူတွေမို့ နယ်ပယ်အသီးသီးမှာ အောင်မြင်မှုတွေကို ရရှိခံစားလာကြရမယ့်အဆင့်ဖြစ်ပါတယ်။

အခုလို အဆင့်ဆင့်ဖြတ်ကျော်ပြီးတဲ့ လူသားတစ်ယောက်ဟာ ကျွမ်းကျင်မှုအမြင့်မားဆုံး အဆင့်ဖြစ်တဲ့ ပရော်ဖက်ရှင်နယ်အဆင့်ကို ရောက်ရှိခဲ့ပြီး သည့်တိုင် ဆက်လက်လုပ်ဆောင်နေရမယ့်အရာကတော့ Lifelong Learning ဆိုတဲ့ တစ်သက်တာ သင်ယူမှုတွေကိုတော့ ရပ်တန့်လို့မရပါဘူး။ ဆက်လက်ဖြည့်ဆည်းသင်ယူနေကြရပြီး သို့မှသာ ခေတ်နဲ့မျက်ခြည်မပြတ်ဘဲ ကိုယ့်ရဲ့ကျွမ်းကျင်မှု မြင့်သထက် မြင့်တက်လာမှာပါ။

> **အလယ်တန်းပညာ ပြီးမြောက်သူတွေဟာ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေ သင်ယူတတ်မြောက်နိုင်မယ့် အခွင့်အလမ်းတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိနိုင်ဖို့ အခြေခံပညာနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကို ခရိုင်နဲ့မြို့နယ်အသီးသီးမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနေတာပါ။ ဒီကျောင်းတွေကနေ အသိပညာ၊ အတတ်ပညာနဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ နိုင်ငံ့သားကောင်းထူးချွန်ပညာရှင်တွေ ပေါ်ထွက်လာဖို့ သင်ယူမှုအဆင့်ဆင့်ကို ဖြတ်ကျော်ပြီး ပရော်ဖက်ရှင်နယ်အဆင့် တက်လှမ်းကြမှာဖြစ်တာကြောင့် အကယ်၍များ မိမိရဲ့ ဝါသနာ၊ သိရှိလိုမှုဟာ စက်မှုနဲ့ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမှာရှိခဲ့မယ်ဆိုရင် ရွေးချယ်စဉ်းစားသင့်တဲ့ အခမဲ့ ပညာရေးလမ်းကြောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်**

ဒီအဆင့်တိုင်းကို ဖြတ်သန်းဖို့အတွက် မိမိဝါသနာနဲ့ကိုက်ညီမယ့် လမ်းကြောင်းကို မှန်ကန်စွာ ရွေးချယ်သတ်မှတ်ကြဖို့ လိုအပ်သလို ဝါသနာမပါ၊ စိတ်ဝင်စားမှုမရှိတဲ့ လမ်းကြောင်းကို ရွေးချယ်မိတဲ့အခါ သင်ယူသင်ကြားမှုအဆင့်တိုင်းဟာ ခက်ခဲကြမ်းတမ်းပြီး နောက်ဆုံးမှာ သင်ယူမှုလမ်းခုလတ်မှာတင် ရပ်တန့်သွားကြပြီး ပညာတစ်ပိုင်းတစ်စနဲ့ ပန်းတိုင်ရည်မှန်းချက်လွဲချော်မှုတွေကို ကြုံတွေ့ရတတ်တာကိုလည်း တွေ့ရှိရပါတယ်။

### စက်မှု၊ စိုက်၊ မွေး စိတ်ဝင်စားသူများအတွက် နိုင်ငံတော်ရဲ့ပံ့ပိုးမှု

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အဓိကနဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ပြီး စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူရဲ့ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်မြှင့်တင်ပေးသွားနိုင်ဖို့ နိုင်ငံတော်က အစဉ်ကြိုးပမ်းလျက်ရှိပါတယ်။ အဲဒီထဲမှာ ဒီကဏ္ဍတွေအတွက် လိုအပ်တဲ့ လူသားရင်းမြစ်တွေ မွေးထုတ်ပေးနိုင်ဖို့ ကျောင်းသားလူငယ်တွေကို အသက်မွေးဝမ်းကျောင်းတွေ သင်ကြားလေ့ကျင့်ပေးဖို့ဦးစားပေး ဆောင်ရွက်နေပါတယ်။

**အလယ်တန်းပညာ ပြီးမြောက်သူတွေဟာ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေ သင်ယူတတ်မြောက်နိုင်မယ့် အခွင့်အလမ်းတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်ဖို့ အခြေခံပညာနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကို ခရိုင်နဲ့မြို့နယ်အသီးသီးမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနေတာပါ။ ဒီကျောင်းတွေကနေ အသိပညာ၊ အတတ်ပညာနဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ နိုင်ငံ့သားကောင်းထူးချွန်ပညာရှင်တွေ ပေါ်ထွက်လာဖို့၊ သင်ယူမှုအဆင့်ဆင့်ကိုဖြတ်ကျော်ပြီး ပရော်ဖက်ရှင်နယ်အဆင့် တက်လှမ်းကြမှာဖြစ်တာကြောင့် အကယ်၍များ မိမိရဲ့ဝါသနာ၊ သိရှိလိုမှုဟာ စက်မှုနဲ့စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမှာ ရှိခဲ့မယ်ဆိုရင် ရွေးချယ်စဉ်းစားသင့်တဲ့ အခမဲ့ ပညာရေးလမ်းကြောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။**

### စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်

အခြေခံပညာ အလယ်တန်းကျောင်းသားတစ်ဦးဟာ Grade–9 အောင်မြင်ပြီး ပညာသင်ယူမှုတစ်မျိုးတည်းကို ဆက်လက်မသင်ယူလိုဘူး၊ ဒီပညာရပ်တွေကိုလည်း စိတ်ပါဝင်စားမှုရှိတယ်ဆိုရင် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကို ရွေးချယ်တက်ရောက်နိုင်ပါတယ်။ လက်ရှိမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုအင်ဂျင်နီယာပညာရပ်တွေကို သင်ကြားပေးနေပါတယ်။

ဒီကျောင်းတွေကိုတော့ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ်ကနေ စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ Grade–10 မှာ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူ ငါးထောင်ကျော်၊ Grade –11 မှာ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူ ငါးထောင်ကျော်နဲ့ Grade–12 မှာ ပညာသင်ယူသူ သုံးထောင်ကျော် ရှိလာခဲ့ပြီဖြစ်ပါတယ်။ အခြေခံဘာသာရပ်တွေကို အခြေခံပညာဦးစီးဌာနက ဆရာ ဆရာမတွေက သင်ကြားပေးကြသလို၊ နည်းပညာဘာသာရပ်တွေကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဆရာ ဆရာမတွေက သင်ကြားပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဘာသာရပ်တွေကိုတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနရှိ ဆရာ ဆရာမတွေက အားဖြည့်သင်ကြားပေးကြတာပါ။


Grade–12 ရောက်တဲ့အခါ မြန်မာစာ ၃၀ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာ ၁၀၀ ရာခိုင်နှုန်းနဲ့ သင်္ချာ ၁၀၀ ရာခိုင်နှုန်း၊ ရူပဗေဒ ၆၀ ရာခိုင်နှုန်း၊ ဓာတုဗေဒ ၄၀ ရာခိုင်နှုန်းကို မိမိရွေးချယ်ထားတဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်တွေနဲ့အတူ ပူးတွဲသင်ကြားကြရပြီး အခြေခံကျောင်းတွေအတိုင်း အခန်းဆုံးတတ်မြောက်မှုစစ်ဆေးခြင်း နှစ်ကြိမ်နဲ့ ပထမနှစ်ဝက်၊ နောက်ဆုံးနှစ်ဝက် စာမေးပွဲများ ဖြေဆိုကြရမှာဖြစ်ပါတယ်။

မကြာသေးခင်ကပဲ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းက Grade–12 ကျောင်းသားကျောင်းသူတွေအတွက် စာမေးပွဲဆိုင်ရာ မေးခွန်းပြုစုခြင်း၊ Board of Examination ဖွဲ့စည်းခြင်းနဲ့ စာမေးပွဲလုပ်ငန်းစဉ်တွေကို ဆွေးနွေးညှိနှိုင်းပြီးဖြစ်တာမို့ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းကို ဆောလျင်စွာရွေးချယ်ရင်း အဆင့်မြင့်ပညာတွေကိုပါ ဆက်လက်လို့ လွယ်လင့်တကူ ဆည်းပူးနိုင်တော့မှာ ဖြစ်ပါတယ်။

### အခွင့်အလမ်းများစွာစောင့်ကြိုလျက်ရှိ

ဒီသင်တန်းကို တက်ရောက်ဖို့အတွက် သတ်မှတ်ဦးရေကိုမူတည်ပြီး စုစုပေါင်းရမှတ် အနည်းအများအလိုက် ဦးစားပေးရွေးချယ်တာဖြစ်ပြီး သင်တန်းတက်ရောက်ခွင့်ရတဲ့ ကျောင်းသား ကျောင်းသူတွေဟာ ပညာသင်ထောက်ပံ့ကြေးနဲ့ သင်ကြားသင်ယူမှုအတွက် လိုအပ်တဲ့ ပုံနှိပ်စာအုပ်တွေနဲ့ စာရေးကိရိယာတွေကိုလည်း ရရှိမှာဖြစ်တာကြောင့် လာမယ့် ပညာသင်နှစ်မှာ ရွေးချယ်ရမယ့် ပညာရေးလမ်းကြောင်းသစ်အဖြစ် လူငယ်တွေ အသင့်ပြင်ထားစေလိုပါတယ်။

**စာမျက်နှာ ၁၇ သို့ ❒**









## မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မဲစာရင်းမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် ပါသင့်သူများ မကျန်ရှိစေရေး အသက် ၁၈ နှစ်ပြည့်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရပ်ကွက်/ကျေးရွာများတွင် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်တစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကော့မှူးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကော့မှူး နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၇၇)၊ဦးပိုင်အမှတ် (၁/၁)ရေယာငါးဧကတွင် တောင်သူဦးစန်းလွင်၏ မိုးစပါးရာသီတွင် စိုက်ပျိုးခဲ့သော ထွန်းပုမျိုးစပါး စံကွက်ရိတ်သိမ်းပွဲနှင့် နွေစပါးအပါအဝင်ဆောင်းသီးနှံနေကြာ စိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့၊ ပိုက်ဆံလျှော်နှင့် စပါးမျိုးစေ့ချကိရိယာ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဖျောက်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာတွံတေးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် အဖွဲ့ဝင်များက နွေစပါးအပါအဝင် ဆောင်းသီးနှံ နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့၊ ပိုက်ဆံလျှော်၊ စပါးမျိုးစေ့ချကိရိယာနှင့် သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်သည်။



ထို့နောက် ရိတ်သိမ်းပွဲကို ကျင်းပရာ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ပြီး ရိတ်သိမ်းရရှိသည့် စပါးအထွက်နှုန်းမှာ အစိုအထွက်နှုန်း ၉၈ ဒသမ ၀၄ တင်း၊ အခြောက်အထွက်နှုန်း ၈၁ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## မိုးညိုမြို့နယ်၌ ဆောင်းနှမ်းပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**မိုးညို နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် သာယာကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆောင်းနှမ်းပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးမှုကို တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်စိုက်ပျိုးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဆီထွက်သီးနှံအထူးဇုန်(၂)တာဝန်ခံ ဒေါ်ညိုညိုသိမ်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့်ဝန်ထမ်းများက တောင်ဇင်းကျေးရွာမှ တောင်သူဦးကိုဝင်းနှင့် ဦးမိုးမြင့်ဦးတို့၏ ဆောင်းနှမ်းခြောက်ဧကကို ပေါင်တင်၊ စိုက်ကြောင်းဆွဲ၊ မျိုးစေ့ချ၊ ကြမ်းအုပ်ခြင်းတို့ကို တစ်ပါတည်းဆောင်ရွက်နိုင်သော ကိရိယာအသုံးပြု၍ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေး၍ တောင်သူများအနေဖြင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများအပြည့်အဝသုံးစွဲနိုင်ရေး၊ ဖြည့်စွက်ရေပေးသွင်းနိုင်ရေးတို့အတွက် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း



မိုးညိုမြို့နယ်အတွင်း ယခုနှစ်တွင် ဆောင်းနှမ်းလျာထား ဧက ၂၁၈၀ ကို အပြည့်အဝစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

❒ စာမျက်နှာ ၁၆ မှ

**အခွင့်အလမ်းတွေအနေနဲ့ စက်မှုနည်းပညာ သုံးနှစ်သင်တန်းမှာ အဆင့်မီအောင်မြင်မယ်ဆိုရင် အစိုးရစက်မှုလက်မှုသိပ္ပံ (AGTI) ပထမနှစ်သင်တန်း၊ အထူးအောင်မယ်ဆိုရင် နည်းပညာတက္ကသိုလ်တွေနဲ့ နည်းပညာကောလိပ်တွေမှာ တက်ရောက်ခွင့်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးအတတ်ပညာ သုံးနှစ်သင်တန်းမှာတော့ အဆင့်မီနဲ့ အောင်မြင်ခဲ့ရင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ သို့မဟုတ် အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery) ပထမနှစ်သင်တန်း၊ အထူးအောင်အဆင့်နဲ့ အောင်မြင်ရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း တက်ရောက်နိုင်မှာဖြစ်ပါတယ်။**

မွေးမြူရေးအတတ်ပညာ သုံးနှစ်သင်တန်းမှာတော့ အဆင့်မီနဲ့ အောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သို့) ငါးလုပ်ငန်းသိပ္ပံကျောင်းတွေရဲ့ ပထမနှစ်သင်တန်းနဲ့ အထူးအောင်နဲ့ အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပထမနှစ်သင်တန်းတွေကို လျှောက်ထားခွင့်ရမယ့် အခွင့်အလမ်းပေါင်းများစွာရှိပါတယ်။

**"အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရပါမည်။ နိုင်ငံသားတိုင်းအခြေခံပညာသင်ယူပြီးမြောက်စေရေးအတွက် လူတိုင်းပညာသင်ယူခွင့် ရရှိရေးနှင့် လူတိုင်းအကျိုးဝင်ပညာရေးကို အားပေးလျက်ရှိပါသည်။ အမျိုးသားပညာရေး မြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ ဆရာ ဆရာမများ သင်ကြားသင်ယူမှု အရည်အသွေး မြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ပညာရေး အသုံးစရိတ်များကို နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်"**လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြထားပါတယ်။

ကျောင်းသားလူငယ်တွေအနေနဲ့လည်း မိမိတို့ဝါသနာ၊ စိတ်ဝင်စားမှုတွေကို အလေးထားပြီး ကျွမ်းကျင်တတ်မြောက်လိုတဲ့ လမ်းကြောင်းတွေကို မှန်ကန်စွာဖော်ဆောင်ရင်း နိုင်ငံအတွက် အသိပညာ၊ အတတ်ပညာနဲ့ပြည့်စုံတဲ့ လူတော်လူကောင်းများအဖြစ် ဖန်တီးတည်ဆောက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ထားဝယ် နိုဝင်ဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအနောက်ဘက်ရှိ မြေနေရာတွင် ကျောင်းသား ကျောင်းသူများအတွက် ဘောလုံးအားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဘောလုံးအားကစားကွင်းအပြင် မြေရိယာအပေါ် မူတည်၍ ပြေးလမ်း၊ ဘော်လီဘောအားကစားကွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး ကျောင်းအားကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မျှော်တောဝရပ်ကွက် မျှောအင်းလမ်းသွယ်(ပေ ၉၅၀ x ၁၂ ပေ) ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ရပ်ကွက်နေပြည်သူများ ကျန်းမာရေးအပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကျဉ်းမြောင်းသည့်နေရာ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မျှောအင်းလမ်း- လေယာဉ်ကွင်းလမ်း ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အိုးလုပ်ရပ်၊ စေတနာလမ်း(ပေ ၁၆၀၀ x ၁၂ ပေ) ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ထားဝယ်မူလတန်းကြိုကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ထမင်းစားဆောင်ဆောက်လုပ်နေမှုနှင့် ထိန်သစ်ရပ်၊ မဟာရွှေဂုဏ်ထူးလမ်း( ပေ ၁၁၈၀ x ၁၂) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်မြဲစေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးတို့ကို အလေးအနက်ထားဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## နမ့်စန်မြို့နယ်၌ မဲစာရင်းများ မှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

နမ့်စန် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများပါဝင်သော တစ်အိမ်တက်ဆင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့က ကြီးကြပ်၍ ယနေ့နံနက်ပိုင်းက မြို့ပေါ်နှင့် ကျေးရွာများအလိုက် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ်ကြေညာသည့်မဲစာရင်းအရ နမ့်စန်မြို့နယ်အနေဖြင့် ခိုလမ်မြို့အပါအဝင် ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာအုပ်စု ၂၀ တို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၈၄၉၁၁ ဦးရှိပြီး လျာထားမဲရုံပေါင်း ၇၈ ရုံ ရှိကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၈ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘိုးဘွားရိပ်သာများနှင့် သောက်ရေကန်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ




နေပြည်တော် နိုဝင်ဘာ ၂၉

**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်နှင့် သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ မြောက်-အနောက်မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အပါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း " ဒစ်ဝါ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၉ ဒသမ ၆ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ၊ တမီလ်နာဒူး မြောက်ပိုင်းကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" ၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မိုးကောင်းမြို့နယ်၌ မိုးစပါးခြွေလှေ့ရိတ်သိမ်း

မိုးကောင်း နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးငွေယူထားသော မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာရှိ ဘောဂသိဒ္ဓိလယ်ယာမြေ ၁၀ ဒသမ ၄၂ ဧက၌ စိုက်ပျိုးထားသည့် ဆင်းရေကီ-၃ စပါးများကို သမဝါယမ အသင်းချုပ်ပိုင် စပါးခြွေလှေ့စက်ဖြင့် ယနေ့နံနက်ပိုင်းက ခြွေလှေ့ရိတ်သိမ်းသည်။



အဆိုပါ စပါးခြွေလှေ့ရိပ်သိမ်းရာတွင် တစ်ဧကပျမ်းမျှ အထွက်နှုန်း ၇၅ တင်းရှိပြီး ယခင်နှစ်အထွက်နှုန်းထက် ငါးတင်းပိုထွက်ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်း သမဝါယမဦးစီးဌာနအနေဖြင့် မိုးစပါးစီမံကိန်းဆောင်ရွက်ရာတွင် ယခင်နှစ်စိုက်ပျိုးသည့် မိုးစပါးစိုက်ဧကထက် လျော့နည်းမှုမရှိစေရန်၊ ကေပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ကချင်ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အသုံးပြု၍ လယ်ယာစိုက်ပျိုးနေသော အသင်းသားဦးရေ ၇၇ ဦး စိုက်ပျိုးထားသည့် စိုက်ဧက ၄၆၈ ဧကကို အချိန်မီရိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

## ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျောက်တံခါး နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ပြည်သူလူထုအခြေပြု



သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV)ထိုးနှံခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက မြို့နယ်ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းက အမှာစကားပြောကြားပြီး ကျန်းမာရေးမှူးအဆင့်(၁) ဦးထွန်းထွန်းအောင်က သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော ကျောင်းသူ ၉၇၂ ဦးနှင့် ကျောင်းပြင်ပမှ အမျိုးသမီးငယ် ၁၀၃ ဦးတို့အား ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၉ ရက်တွင် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ရှိ မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စိန်မိုင်းပွန် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်က စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် လွိုင်လင်မြို့၊ လင်းခေးမြို့နှင့် မိုင်းပန်မြို့နယ်တို့ရှိ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် တွေ့ဆုံ၍ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းသီးနှံ (သက်တံ့ရောင်စီမံကိန်း) သီးနှံများကို လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဝိုးတောင်း



သံဖြူဇရပ်မြို့ပေါ် ၁၆ ရပ်ကွက်နှင့် ကျေးရွာ ၁၅ ရွာတို့၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာမှုနှင့် အိမ်ထောင်စုအလိုက် မဲစာရင်း ပါ၊ မပါ တိုက်ဆိုင်စစ်ဆေးစာရင်းကောက်ယူနေမှုကို သံဖြူဇရပ်မြို့နယ်အတွင်း တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် အဖွဲ့ဝင်များက နိုဝင်ဘာ ၂၉ ရက်တွင် လိုက်လံကြည့်ရှုစဉ်။

မြို့နယ်(ပြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီကျေးရွာ ဂျာနယ် ထွက်ရှိ



၁-၁၂-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂)၊ အမှတ် (၂၃) တွင်
- ရှမ်းပြည်နယ်အတွင်း ပြောင်းစိုက်ပျိုးမှု ယခင်နှစ်ထက် ပိုမိုတိုးတက်
- ပြည်တွင်းထုတ်ဖိနပ်များကို ဘင်္ဂလားဒေ့ရှ်သို့ ပြန်လည်တင်ပို့နိုင်ရေးဆောင်ရွက်မည်
- နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့
- အလှမွေးရန်သာမက အသားအတွက်လည်း အသုံးဝင်သောကြောင့် ကြက်ဆင်မွေးမြူသူ များလာ
- အချိန်ပိုင်းအနုပညာဒီပလိုမာ (Film Making) သင်တန်း ဖွင့်လှစ်မည်
- ဈေးကွက်အတွင်း အရည်အသွေးကောင်း ငရုတ်သီးစိမ်းများ အဝယ်လိုက်နေ
- ကမ္ဘာပေါ်တွင် လူပေါင်းသုံးဘီလီယံခန့် ခေါင်းကိုက်ဝေဒနာ ခံစားနေရ
- ရာသီဥတုဆိုင်ရာဘေးအန္တရာယ်များကြောင့် ရွှေ့ပြောင်းဒုက္ခသည်ပေါင်း သန်း ၂၅၀ ခန့်အထိရှိလာ စသည်တို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal



ဟသ်ာတခရိုင် မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လျှပ်စစ်ရုံး တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့က နိုဝင်ဘာ ၂၇ ရက်တွင် ဟသ်ာတမြို့နယ် ရွှေမင်းစားသောက်ဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

မိုးဟိန်းထက်

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅၂)ရပ်ကွက်၊ ကျောင်းလမ်းသွယ်လမ်း၊ အမှတ်(၃၂၃)၊ မြေအကျယ်အဝန်း(အလျား ၅၀ x အနံ ၆၀ )ပေရှိ(ပါမစ်မူရင်း)မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးသန်းထွန်းအောင်(Hau-၁၀၄၈၆၀)** အမည်ဖြင့်မှတ်သားထားပြီး၊ လက်ရှိ ပိုင်ဆိုင်ထားသော **ဦးရဲထွန်း[၁၂/လကန(နိုင်)၀၈၆၂၅၉]**မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်းဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဦးပေါ်ဦး[၅/ဒဂရ(နိုင်)၀၇၆၆၁၅]**မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၁၃၇၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးဟံစိန်**[၁၂/ဒလန(နိုင်)၀၂၂၁၈၀]အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်အမှတ်(၁၃၇၃)နှင့် ကပ်လျက်ဘက်ခြမ်းပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ဝေဝေမူ**[၁၂/သဃက(နိုင်)၁၆၆၃၇၃]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးကျော်ဇင်ဟိန်း**[၁၄/အမန(နိုင်)၁၃၈၁၂၅]မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၃၆)၊ ဦးပိုင်အမှတ်(၁၀/၁၁-က)ခဲစင်းရှေ့ခြမ်း+နောက်ခြမ်း၊ ၈၆အနောက်ဘက်၊ အမှတ်(၁၀)ရဲစခန်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွှေကြည်၊ ဒေါ်မေကြည်တို့ ၂ ဦးအနက်၊ ဒေါ်ရွှေကြည်[၅/ဟမလ(နိုင်)၀၄၄၀၇၈]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၅၃/၂၀၀၄)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်မေကြည်[၅/ငဇန(နိုင်)၀၀၄၄၀၅]က ၎င်းကိုယ်တိုင်နှင့် အတူ ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်-၁၂၄၊ ဦးပိုင်အမှတ် ယခင် ၂၀ က၊ ယခု ၆၂/၁၉x၂၀ လမ်းကြား၊ ၈၇x၈၆ လမ်းကြားရှိ မခင်လှမြင့် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၅၂/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ရှမ်း[၉/သပက(နိုင်)၀၂၉၉၅၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၅၄/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဂျိုးဇက်[၅/တမန(နိုင်)၀၂၆၈၂၆]က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်-(၄၁၅-မ/၇)၊ ဦးပိုင်အမှတ်-(၁၇၈)၊ ၁၄လမ်း၊ ၈၆x၈၇လမ်း ကြားရှိ မြေကွက်အမည်ပေါက်သူ ဒေါ်မာမာဝင်းထံမှ အပေးစာချုပ်အမှတ်(၂၇၃၆/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးမြင့်မြတ်[၉/အမဇ(နိုင်)၀၃၀၈၀၈]က အမှုတွဲအမှတ် (၃၇၉၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

☆ **ကျောဖုံးမှ**

အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ပရာဆတ်က ကိုင်တွယ်နေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် နည်းပြချုပ်-ပီရာဆတ် (ထိုင်း)၊ အားကစားသမားများအဖြစ် ဂိုးသမား-ချောစန္ဒီအောင်၊ သိမ့်စန္ဒာစိုး၊ လူဂျာ၊ ကစားသမား-ယမင်းလွင်၊ ယွန်းမီမီလွင်၊ ဆုဝါလွင်၊ ဖူးပွင့်ခိုင်၊ ယမင်းသန့်ဇင်၊ ဝတ်ရည်လွင်၊ မေသိင်္ဂါကြွယ်၊ မေဇင်ဦး၊ ဇင်ငြိမ်းချစ်၊ ဝေဖူးအိမ်၊ အိအိကျော်၊ နန်းဆိုင်ဘရင်း၊ နှင်းစန္ဒာလှိုင်တို့ ပါဝင်ကြသည်။

သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MFF

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၇ လမ်း၊ အိမ်အမှတ် ၂၆၉၊ (၂)ခန်းတွဲ (၆)ထပ်အဆောက်အဦ၏ ပဉ္စမထပ် (၆ လွှာ/ ယာ)၊ (၁၂.၆ ပေx ၅၀ ပေ)ရှိ တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလို ကြောင်း ဒေါ်နုနုထွေး [၁၂/သဃက(နိုင်)၁၇၀၈၉၇] ကိုင်ဆောင်သူက ကမ်းလှမ်း လာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဥက္ကာ [၉/ညဥန(နိုင်)၁၄၉၆၉၃] ကိုင်ဆောင်သူနှင့် ဒေါ်တင်နီလာလင်း [၁၂/ဒဂမ(နိုင်)၀၂၁၆၁၆] ကိုင်ဆောင်သူ တို့က လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဥက္ကာ နှင့် ဒေါ်တင်နီလာလင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၀၁၉၈၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၄) လမ်း၊ တိုက်အမှတ်(၁၄၃) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက် အဦ၏ (စတုတ္ထထပ်–၅လွှာ) (ယာဘက်–ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂.၅ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးအောင်မင်းဦး [၉/ညဥန (နိုင်)၁၇၆၂၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးထွန်းလင်းအောင် [၉/ပဥလ(နိုင်)၀၂၁၉၇၇]၊ (၂) ဒေါ်ကေသီဝင်း [၅/စကန(နိုင်) ၂၁၇၈၈၀]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၄–၁၁–၂၀၂၅) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက် ရန်ရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သွယ်သွယ်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၄၃၁)**
**တိုက်အမှတ် (၉/၁၁)၊ အခန်းအမှတ်– ၀၀၄ (မြေညီ)၊**
**၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၅၃၀၄၂၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ နဝဒေး အိမ်ရာ၊ တိုက်(၉၆)၊ အခန်း(၉)၏ အမည်ပေါက် ဦးထွန်းဦး [၁၂/ပဇတ(နိုင်) ၀၂၂၁၈၇]+ ဒေါ်ခင်ရှိန် [၁၂/ပဇတ(နိုင်)၀၂၁၀၄၉]တို့ထံမှ ဒေါ်ဖြူဖြူလှိုင် [၁၄/ ငပတ(နိုင်)၁၄၂၈၇၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လို ပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ–၄)၊ ဦးပိုင်အမှတ် (၄၆)၊ ၅၀x၅၁ ကြား၊ ၁၁၅x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းဝင်း [၉/ မရတ(နိုင်) ၀၀၉၃၄၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ–၇၇)၊ ဦးပိုင်အမှတ် (၇၄–က)၊ ၃၆ လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကို[၉/မဟမ(နိုင်) ၀၁၆၄၂၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၂၈၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းနှင်းအောင် [၉/မကန(နိုင်)၁၈၃၄၁၀] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် (၈၀၆)၊ ဦးပိုင်အမှတ် (၆၅/မ)၊ ၂၇x၂၈ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ဖြိုး[၉/မကန (နိုင်)၁၁၀၀၇၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၅၁/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြူဝင်းအေး[၉/မနမ(နိုင်)၀၀၁၄၇၇]က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ် (၁၇၄)၊ (၄၂x၆၀)ပေ အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက်သူ ဒေါ်မြင့်ကြည် (ဘ) ဦးတင်မောင် [၁၂/သဃက(နိုင်) ၀၂၂၅၈၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ (၁) ဦးကိုကိုဦး (ဘ) ဦးဝမ်ဆီလွယ် [၁၃/လရန(နိုင်) ၁၆၆၅၃၃]၊ (၂) ဒေါ်သန်းသန်းထွေး (ဘ) ဦးကြာကာ (ခ) စောရင် [၁၃/လရန(နိုင်)၁၆၅၂၄၅] ကိုင်ဆောင်သူတို့မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေး ငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းဆက်ဦး (LL.B , LL.M )**
**အထက်တန်းရှေ့နေ (စဉ်– ၅၂၃၆၆)**
**အမှတ် (၁၁၈) ၊ အနော်မာ(၂)လမ်းအရှေ့၊ (၁/ အနော်မာရပ်ကွက်)၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၉၇၄၄၅၆၁၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၃)၊ ပညာတန်ဆောင်(၂)လမ်း၊ မြေကွက်အမှတ်(၂၀၆)၊ ဧရိယာ အကျယ် (၄၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် နှစ်(၆၀)(ဂရန်)တို့တွင် ဒေါ်နော်ရဲလာ (BR–၀၃၄၀၃၁) အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသော (ခေါင်းရင်းခြမ်း) မြေကွက်အမှတ်(၂၀၇)နှင့် ကပ်လျက် ရှိသော (၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ် ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန္ဒာချို [၁၄/မအန(နိုင်) ၂၀၅၃၃၆]မှ အဆိုပါ အိမ်ခြံမြေကွက်အား မိမိသာလျှင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ် အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်း သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းရီထွန်း [၁/မကတ(နိုင်)၀၈၅၈၈၂]မှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၆၂၁)**
**၀၉–၉၆၇၆၂၆၈၁၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၈)၊ မြေကွက်အမှတ်(၉၅၁)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ဆိုင်းနွယ် [၉/မနမ(နိုင်)၁၂၃၂၇၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုး အစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့် ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက် ပိုင်ရှင်ဒေါ်ဆိုင်းနွယ်[၉/ မနမ(နိုင်) ၁၂၃၂၇၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ အချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆို နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်– ၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၁၈)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၇၁

**ကွယ်လွန်သူ စောဟဲရစ်ဆင် ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပိတောက်ရွှေဝါ လမ်း၊ ၄၇ ရပ်ကွက်၊ အမှတ်(၅၈၇)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ စောဟဲရစ်ဆင်၏ ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၇)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၅၈၇)၊ အကျယ် အဝန်း (အလျား ၄၀x အနံ ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် (၁) စောယိုးရှူး၊ (၂) နော်လွယ်ထူး၊ (၃) နော်စေးစေးတို့က အမွေဆက်ခံခြင်းဥပဒေ အရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁၁ ရက်နေ့) နံနက် (၁၀)နာရီအချိန်တွင် ကြားနာ ရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ စောဟဲရစ်ဆင်၏ ကျန်ရစ် သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သူ၊ အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော် လဆုတ် ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှု ရန် အမွေဆက်ခံခြင်းဥပဒေပုဒ်မ– ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော (၁) စောယိုးရှူး၊ (၂) နော်လွယ်ထူး၊ (၃) နော်စေးစေးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့် မည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး၍ ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်– ၄၁၅–တ/၁၊ ဦးပိုင်အမှတ်– ၂၈–က ခဲစင်း၊ ၁၂ လမ်း၊ ၈၉x၉၀ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဦးငွေအောင် [၉/ ပသက(နိုင်) ၀၃၇၂၅၂]က ဂရန် စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အကွက်အမှတ်– ၁၇၀၊ ဦးပိုင်အမှတ် (၃၉–ဖ/၁)၊ ၈၄x၈၆ ကြား၊ ၂၄x၂၅ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်မြင့် မြင့်ဝင်း [၉/မနမ(နိုင်) ၀၉၁၄၁၇] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်– ၇/အရှေ့၊ မြေကွက် အမှတ်– ၁၀၄၅/ခ၊ ဧရိယာ (၀.၀၄၁) ဧက၊ မြေကွက်တည်နေရာအမှတ်– ၁၀၄၅/ခ၊ ၇ ဈေးလမ်း၊ ၇/အရှေ့ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးရွှေ [၁၂/ သကတ(နိုင်) ၁၁၅၂၄၇] အမည် ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးရွှေ(ဖခင်)နှင့် ဒေါ်ခင် ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်အေးအေး သန်း [၁၂/သကတ(နိုင်) ၀၈၂၀၀၅]၊ ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်) ၀၈၂၀၀၁]တို့မှ မိမိတို့ (၂)ဦးတည်းက သာလျှင် တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထား သည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပြား၊ ဦးရွှေ(ဖခင်)နှင့် ဒေါ်ခင်ကြည် (မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ Diamond Inya Palace Condominium တိုက်အမှတ်(B2–1)၊ (၁၀–လွှာ)၊ အခန်းအမှတ်(10–09)၊ ဧရိယာ(၉၅၈)စတုရန်းပေရှိ အဆင့်မြင့်ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်ထွန်း [၁၂/လသန(နိုင်) ၀၀၄၅၁၄]၊ ဒေါ်အိန္ဒြေကျော်ဝင်း [၁၂/ကတတ(နိုင်)၀၀၁၅၀၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားသဖြင့် ရောင်းချပိုင်ခွင့်သည် ၎င်းတို့နှစ်ဦးထံတွင်သာ မရှိဘဲ မိမိတွင်လည်း သက်ဆိုင်အကျိုးခံစားခွင့်ရှိလျှင် ခိုင်လုံသောအထောက် အထားမူရင်းများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှ (၇)ရက် အတွင်း လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်– ၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**၀၉–၉၇၂၇၃၄၉၉၆၊ ၀၉–၈၈၁၈၁၉၈၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၅ ရပ်ကွက်၊ သိင်္ဂီ ၄ လမ်း (တောင်)၊ အမှတ် ၂၀၇/ခ၊ (၁)ခန်းတည်း (၆)ထပ်အဆောက်အဦ၏ တတိယထပ် (၄ လွှာ)၊ (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလို ကြောင်း ဒေါ်ထက်ထက်ဝေ [၁၂/သခန(နိုင်)၁၆၆၅၁၄] ကိုင်ဆောင်သူက ကမ်းလှမ်း လာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးချစ်မင်းသူ [၁၂/မဂဒ(နိုင်)၁၃၅၇၈၁] ကိုင်ဆောင်သူနှင့် ဒေါ်မိုးဖြူဖြူ [၁၀/မလမ(နိုင်)၂၃၇၁၂၄] ကိုင်ဆောင်သူတို့က လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက် အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးချစ်မင်းသူ နှင့် ဒေါ်မိုးဖြူဖြူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်– ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၀၁၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သရဖီအိမ်ရာ၊ အခန်း ၂၊ တိုက် ၄၃၅၄ နေ အဖ ဦးလှမောင်၏သမီး ဒေါ်လှလှခင် [၁၁/မတန(နိုင်)၀၁၇၅၁၆]၏ လွှဲအပ် ညွှန်ကြားချက်အရ –

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ် (၃၁/၈၇) ဟုခေါ်တွင်သည့် အကျယ်အဝန်း (7524 sqft) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၇)ခန်းတွဲ (၅)ထပ်တိုက်၏ ကန်ထရိုက်တာ အကျိုး ခံစားခွင့်ရှိသည့် တိုက်ခန်းအမှတ် (3–D)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ဦးအောင်ပိုင် [၁၂/လမန(နိုင်)၁၅၄၂၀၃]၊ ဒေါ်ဆွေဇင်လတ် [၅/စကန(နိုင်) ၁၃၉၉၄၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှခင် [၁၁/မတန (နိုင်) ၀၁၇၅၁၆]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူခဲ့ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ချောနန္ဒာ (LLB.DBL)** | **ဒေါ်မေနွယ်ဦး (LLB)** |
| **(စဉ်–၁၁၂၇၁/၁၆)** | **(စဉ်–၁၉၀၅၉/၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း– 09–426060388, 09–972733043**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၅၃–ရပ်ကွက်၊ မြေကွက်အမှတ်(၉၁၆/ခ) ဒေါ်ငွေးလှ အမည်ပေါက် ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း (၂၂x၆၀)ပေ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား အရှုပ်အရှင်းကင်း၍ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ကျင်နွယ် [၁၁/စတန(နိုင်)၀၄၅၇၁၃] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက် အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၅၁၉/၂၀၂၁)**
**တိုက်– ၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၆၅၇၈၄၆၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၂၉)၊ သလ္လာဝတီလမ်းနှင့် ဦးကျော်လှလမ်းထောင့်တွင် တည်ရှိ သော 7Mile Condominium, (၁၂)လွှာ၊ အခန်းအမှတ်(၁၂၀၈)၊ အခန်းအကျယ် အဝန်း (၁၁၆၅–စတုရန်းပေ)ခန့်ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ခွင့်ရှိသူ ဦးငွေဝင်း [၁၂/မရက(နိုင်) ၁၁၄၃၅၅]နှင့် ဒေါ်သင်းခိုင် [၁၂/မရက(နိုင်)၀၅၈၁၉၁]တို့ထံမှ အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြား လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ် သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းဖြိုးသိန်း တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၉၆၆)**
**တိုက်(၄/၆)၊ အခန်း(၁၂)၊ ရွှေအုန်းပင်အိမ်ရာ(၄)၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၄၃၉၉၉၉၃၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၇၉/၄၈၃) မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၈)ထပ် အဆောက်အဦအနက်မှ အလယ်ခန်း(၈)လွှာ၊ (ဘီ)ခန်း၊ တိုက်ခန်းအကျယ်အဝန်း (အလျား၂၀ ပေ x အနံ ၅၀ ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးရှိ တိုက်ခန်းကို ဦးစန်းလွင် [၁၂/အလန(နိုင်)၀၃၂၇၅၄] မှ ဝယ်ယူပိုင်ဆိုင်ထားပြီး အထက်ပါတိုက်ခန်းကို အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးစည်သူအောင် [၁၂/ကတတ(နိုင်)၀၂၇၀၄၀]နှင့် ဒေါ်ရွှန်ဆနာဘီ (ခ) ဒေါ်ခင်မေလတ် [၁၂/ကတတ (နိုင်)၀၂၉၉၀၄]တို့က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းကို ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ရွှေရည်ဝင်း (LL.B)** | **ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**

**(အထက်တန်းရှေ့နေ) (စဉ်–၄၇၉၂၉) (တရားလွှတ်တော်ရှေ့နေ) (စဉ် – ၇၈၀၀)**

**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၉–၅၄၀၆၄၀၆၊ ၀၉–၂၅၄၉၅၁၁၇၇၊ ၀၉–၇၉၅၄၂၀၇၉၉**

## “အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ် ၁၇ တွင် နေထိုင်သော **ဒေါ်ဥမ္မာထွန်း [၁၂/လမန(နိုင်)၁၀၁၀၆၁]**သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number – T/2025/003562 ဖြင့် လျှောက်ထားချက်အားလက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်–




**လျှောက်လွှာနံပါတ် – T/2025/003562**

အထက်ဖော်ပြပါ အမည်နှင့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ကလေးငယ်များအသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်၍ ရနံ့စုံလင်သော ရေမွှေးနှင့် ကလေးတစ်ကိုယ်ရည်သုံး ပစ္စည်းအမျိုးမျိုးအား ကိုယ်တိုင်ထုတ်လုပ်၍ လက်လီ/လက်ကား ဖြန့်ဖြူး ရောင်းချခြင်း၊ Online မှ တစ်ဆင့် ရောင်းချပေးခြင်းများအား ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိ၏ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းတိုင်းတွင် လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်ခြင်းတုပသုံးစွဲခြင်း၊ အမည်စာသားတူ/ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ခြင်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးမင်းမင်းသိမ့်** (LL.B,D.B.L,D.I.L,D.M.L, D.I.P.L) | **ဒေါ်နေခြည်စိုးမိုး** (LL.B,LL.M,D.I.P.L)

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၃၇) အထက်တန်းရှေ့နေ(စဉ် –၅၀၉၅၁)**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်–ဘဘ–၁၄၊ ဦးပိုင်အမှတ် ၆၉၊ ၅၁x၅၂ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်စုစုခင် [၉/မရမ(နိုင်)၀၄၄၄၉၂]၊ (EMDY–၃၅၀၁၉၂) ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၇၂/၂၀၁၈) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးမိုးခိုင် [၉/မဟမ(နိုင်)၀၁၆၉၉၃] က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်–ခခ–၂၊ ဦးပိုင်အမှတ် ၅၂၊ ၅၈ B လမ်း၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းစိန် [၁၂/စခန(နိုင်)၀၁၅၂၇၉] ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၂၄၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိလွင် [၉/မမန(နိုင်)၀၀၅၆၄၆] က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့ အောင်စကြာစကျွဲဒါနဆေးရုံကြီးနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ဆေးရုံသစ်ကြီး ဆောက်လုပ်လျှက်ရှိရာ မိမိတို့၏အသက်ရှည်ရာ အနာကင်းကြောင်းကောင်းမှုဖြစ်သော ကုသိုလ်ကို ဆရာတော်နှင့်အတူပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။ ဖုန်း ၀၉–၅၁၄၇၃၈၂


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဓ/မြောက်)ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(A–3)၊ အခန်းအမှတ်(၃၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရွှေခင် [၁၂/သဃက(နိုင်)၀၄၆၇၁၄] ထံမှ အဆက်အစပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားကြောင်း အထောက်အထားများ တင်ပြ၍ ဦးလှဝင်းစိုး [၇/အဖန(နိုင်)၀၇၄၇၆၃]က ၎င်းအမည်ဖြင့် အခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ Yankin Housing Project (2010–2011) အိမ်ရာ၊ တိုက်အမှတ်(၄/၂)၊ အခန်းအမှတ်(၃၂)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးဘုန်းမြင့်ရွှေ [၁/မကန(နိုင်)၀၅၁၄၄၅] ထံမှ အဆက်အစပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားကြောင်း အထောက်အထားများ တင်ပြ၍ ဒေါ်အိမွန်ကျော် [၁၄/လပတ(နိုင်)၂၉၀၆၁၈]က ၎င်းအမည်ဖြင့် အခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာ တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်–၁၂၄၊ ဦးပိုင်အမှတ်–ယခင်၅၂–က၊ ယခု–၈၆၊ ၈၆.Gလမ်း၊ ၁၉x၂၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြတ်ဆွေ [၉/မနမ (နိုင်)၀၅၁၀၆၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၇၅/၂၀၁၁) ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်ယော်ခွေရင်[၁၃/မဆတ(နိုင်)၀၁၈၁၁၅]က မြေပုံမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်–(၁၃၆)၊ ဦးပိုင်အမှတ်–(၄၃–င)၊ ၁၇x၁၈ကြား၊ ၈၆x၈၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ကျော်၏ (SP ရရှိသူ ဒေါ်စန်းစန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၄၈၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုစုကြည် [၉/မနတ(နိုင်)၀၃၂၁၉၇]က အမှုတွဲအမှတ် [၀၄၂၃/ဘ(ပြောင်း)၂၀၂၅–၂၀၂၆)] ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်–(မ–၇၁/၁)၊ ဦးပိုင်အမှတ်–(၃၀)၊ ၃၆x၃၇ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအာကာဖြိုးပြည့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၈၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဝင်း [၁၃/နခန(နိုင်) ၁၀၁၀၆၂]က အမှုတွဲအမှတ် (၃၇၉၀/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်–(၁)၊ဦးပိုင်အမှတ်–(၂)၊ ၅၄x၅၅လမ်းကြား၊ နှင်းဆီလမ်း၊ ၁၁၁လမ်းရှိ တောဂရန် မြေကွက်အား အမည်ပေါက်သူ ဒေါ်အုံးတင်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၂၄၃၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစန်းမောင်[၁/ရကန (နိုင်)၀၀၂၄၉၆]က တောဂရန်မူရင်းစာရွက်စာတမ်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ ဂရန်ပျောက်၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## မင်းကွန်းတိပိဋက–နိကာယသာသနာပြုဥပဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကစရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး ပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြိ၊ ကြည့်၍ ဓမ္မကွန္ဒာပေါင်း(၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရှက်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

စာမြေသံဃာများရောက်ရှိသည့် ၁၁-၁၁-၂၀၂၅ မှ ၂၅-၁-၂၀၂၆ ထိအောက်ပါနှုန်းထားအတိုင်းပြင်ဆင်ပါသည်။

| | | |
|---|---|---|
